၂၀၁၈ ခုနှစ်ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေး
မဟာဗျူဟာ

**ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရသည့်ကျောထောက်နောက်ခံအခြေအနေ**

၁။ **မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် ချိတ်ဆက်၍ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော်ဆောင်ရွက်မှု၏ အရေးပါမှု။** ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုသည်မှာ နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် စီးပွားရေးမူဝါဒဦးစားပေးများနှင့်အညီ ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ပြည်သူ့ဘဏ္ဍာရန်ပုံငွေစာရင်း ပွင့်လင်းမြင်သာမှု၊ ဘဏ္ဍာရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုဘတ်ဂျက်နှင့်ထိရောက်မှုရှိသော အစိုးရအသုံးစရိတ်စီမံခန့်ခွဲမှု၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲမှု၊ မဟာဗျူဟာမြောက်အရင်းအမြစ်ခွဲဝေချထားမှုနှင့် ရငွေစုစည်းမှုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၂။ **ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား သင့်လျော်သည့်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှုဖြစ်ပေါ်ရန်လိုအပ်ခြင်း။** ပြည်ထောင်စုအစိုးရက ကောက်ခံခွင့်ရှိသည့် အခွန်အခများနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရများက ကောက်ခံရမည့်အခွန်အခရငွေများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဇယား (၁) နှင့်ဇယား (၅) တွင် ပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရက ကောက်ခံခွင့်ရှိသည့် အခွန်များကောက်ခံခြင်း၊ ယင်းအခွန်ရငွေများမှ သင့်လျော်သည့် အခွန်ဝေစုများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ခွဲဝေပေးခြင်းနှင့် ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံတင်ပြချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူ၍ ပြည်ထောင်စုမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဘဏ္ဍာငွေများ ထောက်ပံ့ဖြည့်ဆည်းခြင်းတို့ကို ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်များနှင့် ဆီလျော်ညီညွတ်အောင် ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သင့်တင့်လျောက်ပတ်သော ဘဏ္ဍာရန်ပုံငွေများကို ထောက်ပံ့ပေးရန် အရေးကြီး သကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း ရရှိသည့်ဘဏ္ဍာရန်ပုံငွေများကို အလေအလွင့်မရှိစေဘဲ ပြည်သူအတွက် အကျိုးရှိရှိ ထိရောက်စွာသုံးစွဲရန်လည်း အလွန်အရေးကြီးပါသည်။

၃။ **ငွေကြေးမူဝါဒနှင့်ဘဏ္ဍာရေးမူဝါဒ ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်ခြင်း။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံတော်၏ဘတ်ဂျက်လိုငွေကို ဖြည့်ဆည်းနိုင်ရန်အစိုးရငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်များ တာဝန်ယူထုတ်ဝေရောင်းချထိန်းသိမ်းပေးမှုနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းကို တာဝန်ယူထိန်းသိမ်းမှုဆိုင်ရာ လုပ်ငန်းတာဝန်များကို ပြန်လည်ဆန်းစစ်၍ ဗဟိုဘဏ်၊ ငွေတိုက်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့အကြား ခွဲဝေဆောင်ရွက်စေခြင်း၊ ဗဟိုဘဏ်၏ လက်ရှိလုပ်ဆောင်ချက်များအား ပြန်လည်သုံးသပ်ခြင်းနှင့် ဗဟိုဘဏ်ဥပဒေသစ်ကို ပြဋ္ဌာန်းပြီးနောက် သီးခြားလွတ်လပ်စွာရပ်တည်၍ နိုင်ငံတော်၏ငွေကြေးမူဝါဒကို ကိုင်တွယ်ဖြေရှင်း

ခြင်းတို့အတွက် အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ဘတ်ဂျက်လိုငွေ ဖြည့်ဆည်းခြင်းကြောင့် ငွေကြေးဖောင်းပွမှုမဖြစ်စေရန်အရေးကြီးပါသည်။

၄။ **ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်ခြင်း။** ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာများအား လွှတ်တော်သို့တင်ပြခြင်း၊ ဆွေးနွေးခြင်းနှင့် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာခြင်းစသည် တို့ကို ဆောင်ရွက်ရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ EITI စသည့်အဖွဲ့အစည်းများတွင် အဖွဲ့ဝင်ဖြစ်သည့်အားလျော်စွာ နိုင်ငံတကာစံနှုန်းများကိုလည်း လိုက်နာကျင့်သုံးရမည်ဖြစ်ပါသည်။ နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကိုသာမက Budget Report, Budget in Brief, Budget Speech, Budget Review အစရှိသည့် ဘတ်ဂျက်နှင့်ပတ်သက်သည့် အမျိုးမျိုးသော အစီရင်ခံသင့်ခံထိုက်သည့်ပုံစံများကို ပြည်သူလူထုသိရှိနိုင်စေရန် ထုတ်ပြန်ပေးနိုင်ရန်လိုအပ်ပါသည်။ ထို့ကြောင့်အဆိုပါကိစ္စရပ်အား ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး၏ ဦးစားပေးတစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၅။ **နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရန်လိုအပ်ခြင်း။** နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်၍ လုပ်ငန်းများအား စီးပွားရေးဆန်ဆန်ဆောင်ရွက်စေပြီး နိုင်ငံတော်ဘတ်ဂျက်ဖြင့် အသုံးစရိတ်များကျခံမှုအား တဖြေးဖြေးလျှော့ချရန်နှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကိုရှေးရှု၍ Corporatization နှင့် Privatization တို့ကို စွမ်းရည်ပြည့်ဝစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ညီညွတ်မျှတသည့် စည်းမျဉ်းဥပဒေများနှင့် စီမံအုပ်ချုပ်မှုများ ချမှတ်ဖော်ဆောင်ရမည် ဖြစ်ပါသည်။ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်နိုင်ရန် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ အခိုင်အမာရှိရန် အရေးကြီးပါသည်။

၆။ **ပင်စင်စနစ်ပြုပြင်ပြောင်းလဲရန်လိုအပ်ခြင်း။** နိုင်ငံ့ဝန်ထမ်းဥပဒေအရ နိုင်ငံ့ဝန်ထမ်းများကို လစဉ်လစာခံစားခွင့်အပြင် အငြိမ်းစားပင်စင်ခံစားခွင့်ကိုပါ နိုင်ငံတော်အစိုးရမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။ လက်ရှိတွင်ပင်စင်အသုံးစရိတ်များအား နှစ်အလိုက်ရသုံးခန့်မှန်းခြေငွေစာရင်းမှ ကျခံသုံးစွဲလျက်ရှိရာ နိုင်ငံတော်ဘတ်ဂျက်တွင် ပင်စင်လစာအတွက် ဖြစ်ပေါ်နေသည့် ဝန်ထုပ်ဝန်ပိုး လျော့ကျစေရန်နှင့် ရေရှည်တွင်ရန်ပုံငွေလုံလောက်၍ မျှတသောပင်စင်စနစ် ဖြစ်ပေါ်လာစေရန် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် ပင်စင်စနစ်များနည်းတူ ပင်စင်ရန်ပုံငွေတစ်ရပ် ထူထောင်ရန် လိုအပ်ပါသည်။ သင့်လျော်သည့် စီမံအုပ်ချုပ်မှုအစီအမံများဖြင့် အဆိုပါပင်စင်စနစ် လေ့လာထူထောင်ရန် ရည်ရွယ်ပါသည်။

၇။ **ငွေစာရင်းခေါင်းစဉ်အမျိုးအမည်များနှင့် အသုံးစရိတ်အမျိုးအစားများ ကိုက်ညီမှုရှိရန်လိုအပ်ခြင်း။** ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လက်ရှိငွေစာရင်းခေါင်းစဉ်များသည် ဝန်ကြီးဌာနများအတွင်း တူညီစွာအသုံးပြုသော်လည်း နိုင်ငံတကာနှင့် လိုက်လျောညီထွေမှုရှိစေရန် ငွေကြေးသုံးစွဲမှုဆိုင်ရာ ခေါင်းစဉ်သတ်မှတ်ချက်အမျိုးအမည်များသည် GFS စနစ်နှင့် ကိုက်ညီမှုရှိစေရေးကို ကာလလတ်မှကာလရှည်သို့ မျှော်မှန်းဆောင်ရွက်သင့်ပါသည်။ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု လုပ်ငန်းစဉ်အနေဖြင့် လက်ရှိအချက်အလက်များသည် ငွေလုံးငွေရင်းအသုံးစရိတ်များ အသေးစိတ်ခွဲခြားသတ်မှတ်ရန်အတွက် အခက်အခဲရှိနေပါသည်။ နိုင်ငံတကာစည်းမျဉ်းစည်းကမ်း စံနှုန်းများနှင့်အညီ ငွေကြေးထုတ်ယူသုံးစွဲမှု အသုံးစရိတ်ခေါင်းစဉ်အမျိုးအမည်များကို စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ အစိုးရဌာနအဖွဲ့အစည်းများမှ အသေးစိတ်အချက်အလက်များ အစီရင်ခံတင်ပြသည့် Template ကို ပြန်လည်ပြင်ဆင်ရန်လိုအပ်ပါသည်။ ဝန်ကြီးဌာနအသီးသီး၏ ပြည်ထောင်စုအဆင့် အသုံးစရိတ်များကို အစိုးရဘဏ္ဍာရေးစာရင်းအင်း (GFS) စနစ်နှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်အဆင့်သို့ ခွဲဝေအသိပေးခြင်းသည် ပထမဦးစားပေးဖြစ်သည်။

၈။ **နိုင်ငံတော်၏စီးပွားရေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ခြင်း။** နိုင်ငံတော်အစိုးရသည် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရန်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန် ရည်ရွယ်သော သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် တိုင်းဒေသကြီး/ ပြည်နယ်များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင် ချမှတ်ဆောင်ရွက်ရန် အောက်ဖော်ပြပါစီးပွားရေး မူဝါဒ (၁၂) ရပ်ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင် ချမှတ်ဖော်ဆောင်ခဲ့ပါသည်-

(က) ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်၊

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန်ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲ လုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်၊

(ဂ) ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကို ဖြစ်ထွန်းနိုင်စေသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ရန်၊

(ဃ) လျှပ်စစ်ဓာတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများစသည့် အခြေခံစီးပွားရေး အဆောက်အအုံများ လျင်မြန်စွာတိုးတက်လာစေရေးကို ဦးစားပေးဆောင်ရွက်ရန်နှင့် Data ID Card System ၊ Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန်၊

(င) ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း မြင့်မားသောစီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန်၊

(စ) ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍချိန်ခွင် လျှာညီသည့်စီးပွားရေးပုံစံဖော်ထုတ်ရန်၊

(ဆ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့် ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် မူဝါဒများသီးခြားရေးဆွဲ ဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့်တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်၊

(ဇ) အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်နှင့် ဘဏ္ဍာရေးတည်ငြိမ်မှုရရှိလာစေရေးဆောင်ရွက်ရန်၊

(ဈ) သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေဖြစ်စေမည့် မြို့ပြများတည်ထောင်ရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ တိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုစောင့်ရှောက်ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်၊

(ည) နိုင်ငံတော်၏ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသောအခွန်စနစ်ထူထောင်၍ ပြည်သူများ၏အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းလျက်အကာအကွယ်ပေးရန်၊

(ဋ) တီထွင်ဖန်တီးမှုစွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာ တိုးတက်မှုများကို အားထုတ်ကြိုးပမ်း ဖြစ်ပေါ်နိုင်စေမည့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုအတွက် အထောက်အပံ့ဖြစ်စေသောနည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်၊

(ဌ) စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြား ဒေသများ အတွင်း၌လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေများကို ဖော်ထုတ်၍ မိမိတို့၏စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေ တည်ထူထောင်ရန်၊

၉။ **ဖွံ့ဖြိုးတိုးတက်မှုအကူအညီများကို ထိရောက်စွာအသုံးပြုနိုင်ရန် လိုအပ်ခြင်း။** နိုင်ငံတော်၏ ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအကူအညီများကို ပွင့်လင်း မြင်သာ၍ တာဝန်ယူမှုရှိပြီးထိရောက်စွာ အသုံးပြုနိုင်စေရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင် သည့် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit-DACU) ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ ကိစ္စရပ်များကိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (၁၀) ဖွဲ့ကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါလုပ်ငန်းစဉ်တွင် ညှိနှိုင်းတိုင်ပင်ဆွေးနွေးရန် လုံလောက်တိကျသော အချိန်ပေးခြင်း၊ စိတ်ပါဝင်စားသူ stakeholders များ၏ နားလည်သဘောပေါက်မှုကို သေချာသိရှိ နိုင်ခြင်း၊ အဆိုပြုဆုံးဖြတ်ချက်များအပေါ် ထပ်မံဆွေးနွေးနိုင်ရန်အချိန်ပေးခြင်း၊ ဆုံးဖြတ်ချက်တိုင်း အတွက် သက်ဆိုင်သူstakeholders များကိုခိုင်လုံသောအကြောင်းပြချက်များပေးခြင်းတို့ ပါဝင်သင့်ပါ သည်။

၁၀။ **ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် အုပ်ချုပ်မှုဆိုင်ရာဥပဒေပြုရေး မူဘောင်ကို ပြဋ္ဌာန်းရန်နှင့် ပြန်လည်ပြင်ဆင်ရန်လိုအပ်ခြင်း။** ပြည်သူ့ဘဏ္ဍာရေးဥပဒေ၊ ပြည်သူ့ဝယ်ယူရေးဥပဒေ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ လက်စွဲစသည်တို့အတွက် တိကျခိုင်မာသော ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများကို သီးခြားသတ်မှတ်ပြဋ္ဌာန်းသင့်သည်။ ထို့ကြောင့် နိုင်ငံတော်၏ အမျိုးသားရေး၊ စီးပွားရေးနှင့်လူမှုရေးဦးတည်ချက်များကို နိုင်ငံတကာစံချိန်စံညွှန်းနှင့် အညီ ကူညီပံ့ပိုးနိုင်ရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ စီးပွားရေးရေရှည်ဖွံ့ဖြိုး တိုးတက်မှုနှင့် မေခရိုစီးပွားရေးတည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ရန်ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုဖြစ်စဉ်ကို ပြုပြင်သွားရန် လိုအပ်သည်။

၁၁။ **စွမ်းဆောင်ရည်အခြေပြု ဘတ်ဂျက်ရေးဆွဲသည့်စနစ်သို့ တိုးတက်ကျင့်သုံးစေနိုင်မည့် မူဝါဒ အခြေပြုဘတ်ဂျက်ရေးဆွဲသည့်စနစ် ပြောင်းလဲကျင့်သုံးရန်လိုအပ်ခြင်း။** အကောင်အထည်ဖော်မှုအခြေပြု ဘတ်ဂျက်ရေးဆွဲသည့်စနစ်သည် ပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော်ဆောင်ရွက်မှု၏ ပထမ ဦးစားပေးမူဝါဒ တစ်ရပ်ဖြစ်ပါသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများ၏ ဘတ်ဂျက်အဆိုပြု တင်ပြချက်များကို နှစ်လတ်ဘဏ္ဍာရေးမူဘောင်နှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် လုပ်ငန်းစွမ်းဆောင် ရည်ဆိုင်ရာ အချက်အလက်များပါဝင်လာနိုင်စေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ဘတ်ဂျက်သည်

မူဝါဒနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်၍ လုပ်ငန်းစွမ်းဆောင်ရည်အပေါ် ပိုမိုအခြေခံလာမည်ဆိုပါက ဖွဲ့စည်းတည်ဆောက်ပုံနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအစဉ်များ၊ အသုံးစရိတ်များကို အချိုးကျ ခွဲဝေပေးနိုင်ရန် စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကဏ္ဍအလိုက်ပြုပြင်ပြောင်းလဲမှုနှင့် ပြည်သူ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးအစီအစဉ်များနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်မှု တို့ကို ချိတ်ဆက်နိုင်ရေးအတွက် အဓိကထားဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုနယ်ပယ်သည် ရှုပ်ထွေးကျယ်ပြန့်သည့်အတွက် ပြုပြင်ရေးကာလသည် ကြာရှည်မည်ဖြစ်သောကြောင့် အဓိကပြုပြင်ပြောင်းလဲရမည့် ကဏ္ဍများသတ်မှတ်ပြီး စနစ်တကျ အကောင်အထည်ဖော်ရပေမည်။ အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘတ်ဂျက်ကဏ္ဍများ ဖွံ့ဖြိုး တိုးတက်စေရန် ကမ္ဘာ့ဘဏ်အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ နည်းပညာ အကူအညီများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရာတွင် လုပ်ဆောင်ရန်လိုအပ်ချက်များ**

၁၂။ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အစိုးရ၏ရငွေများ၊ သုံးငွေများ၊ ပိုငွေ၊ လိုငွေ၊ ကြွေးမြီအခြေအနေစသည်တို့ကို အဓိကဖော်ပြပေးသည့် ဘတ်ဂျက်ရေးဆွဲမှုစနစ်၊ ဘတ်ဂျက်စိစစ်မှု စနစ်၊ ဘတ်ဂျက်အကောင်အထည်ဖော်နိုင်မှုကို စောင့်ကြည့်သည့်စနစ်၊ သုံးသပ်တင်ပြသည့်စနစ်၊ ကာလ ရှည်ကိုပါ ကြိုတင်ခန့်မှန်းလျာထားသည့်စနစ်၊ ရငွေများကိုစုစည်းသည့်စနစ်၊ အကျိုးရှိသည့်သုံးငွေများ ခွဲဝေသည့်စနစ်စသည်ဖြင့် စနစ်ပိုင်းဆိုင်ရာများကို ပြုပြင်ပြောင်းလဲရန် လိုအပ်သကဲ့သို့ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့်ဘတ်ဂျက်လုပ်ငန်းစဉ်ဖြစ်ပေါ်လာရေးအတွက် ဘတ်ဂျက်နှင့်ပတ်သက်၍ ဖွဲ့စည်းဆောင် ရွက်နေသည့် ဌာနအဖွဲ့အစည်းများကိုလည်း အခြေခံအဆောက်အအုံ၊ လူ့စွမ်းအားအရင်းအမြစ်၊ ဖွဲ့စည်း တည်ဆောက်မှု၊ စီမံခန့်ခွဲမှုအစရှိသည့်ဖွဲ့စည်းစီမံမှုပိုင်းဆိုင်ရာများကိုလည်း ပြုပြင်ပြောင်းလဲရန် လိုအပ် ပါသည်။ အစိုးရ၏လုပ်ငန်းဆောင်တာများကို ဆက်လက်ဆောင်ရွက်နေစဉ်အတွင်း အဆိုပါပြုပြင် ပြောင်းလဲရေးများကို အကောင်အထည်ဖော်ရမည်ဖြစ်သောကြောင့် ရှုပ်ထွေးမှုများရှိနိုင်ပြီး ပူးပေါင်း ဆောင်ရွက်မှုများလိုအပ်မည်ဖြစ်ပါသည်။

၁၃။ ထို့အပြင် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများအကြား ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှု အချိုးကျမျှတစေရန် ရငွေနှင့်အသုံးစရိတ်ပိုင်းဆိုင်ရာ ပိုင်းခြားမှုတာဝန်များ ရှင်းလင်းရန် လိုအပ်ပါသည်။ အခွန်ဆိုင်ရာနှင့်အကောက်ခွန်ဆိုင်ရာ ဥပဒေများနှင့် ပတ်သက်၍ပြင်ဆင်ခြင်း၊ အသစ် ပြဋ္ဌာန်းခြင်းများအား ဘဏ္ဍာရေးမူဝါဒနှင့်အညီ ပြဋ္ဌာန်းရန်လိုအပ်သကဲ့သို့ အကောက်ခွန် ထိန်းချုပ်မှု များကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ကုန်ပစ္စည်းနှင့်ပတ်သက်၍ အတည်ပြုခါတ်ခွဲစမ်းသပ်မှုများကို နိုင်ငံတကာနည်းတူ ဆောင်ရွက်နိုင်ရေးတို့အတွက် ခေတ်မီစက်ကိရိယာများ တပ်ဆင်အသုံးပြုရန်လည်း လိုအပ်ပါသည်။ "ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်၏ ပထမအဆင့်

(၂၀၁၂-၁၇) အတွက် ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်သကဲ့သို့ ဒုတိယအဆင့် (၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ) အတွက် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင်လည်း ပထမအဆင့်တွင် ရရှိခဲ့ပြီးဖြစ်သည့် အောင်မြင်မှုများအပေါ် အခြေခံဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤပြုပြင်ပြောင်းလဲရေးအစီအစဉ်သည် ပြည်တွင်းအခွန်များဦးစီးဌာနအား ခေတ်မီပြီးပွင့်လင်းမြင်သာမှုရှိသည့် အခွန်ဌာနတစ်ခုအဖြစ် အခွန်ထမ်းပြည်သူများ အပါအဝင် နိုင်ငံသားတိုင်း ယုံကြည်ကိုးစားနိုင်ရန် ရည်ရွယ်ပါသည်။" ထို့အပြင် ပြည်သူများအနေဖြင့် အခွန် ဆိုင်ရာကိစ္စရပ်များကို သိရှိနားလည်ပြီးမျှတမှုရှိသည့် အခွန်စနစ်တွင် ပိုမိုပူးပေါင်းဆောင်ရွက်လာခြင်း၊ အခွန်ဆိုင်ရာမူဝါဒများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ နည်းပညာအသစ်များ ပိုမိုအသုံးပြုလာနိုင်ခြင်း၊ ဝန်ထမ်းများ၏စွမ်းဆောင်ရည်များ တိုးတက်လာခြင်း၊ အခွန်စည်းကြပ်မှုစနစ်အသစ်များ ဖြစ်ထွန်းလာခြင်း၊ ဝန်ဆောင်မှုများ တိုးတက်လာခြင်း၊ အခွန်များပိုမိုကောက်ခံရရှိနိုင်ခြင်းစသည်တို့ ဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်သည်။

၁၄။ လိုငွေဖြည့်ဆည်းမှုမူဝါဒနှင့် နည်းလမ်းများ၊ စီမံကိန်းနှင့် လိုက်လျောညီထွေ ဖြစ်စေသော ဘတ်ဂျက်ရေးဆွဲရေး ဆိုင်ရာနည်းလမ်းများလည်း ဖွံ့ဖြိုးလာရန်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ပင်စင်အကျိုးခံစားခွင့်ဆိုင်ရာ အသုံးစရိတ်ဝန်ထုပ်ဝန်ပိုးများကို လျှော့ချရန်၊ နိုင်ငံတကာတွင် ကျင့်သုံးနေကြသော ပင်စင်စနစ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကဲ့သို့ ရေရှည်တွင် ပင်စင်ရန်ပုံငွေတစ်ရပ် ထူထောင်ရန်နှင့် လုပ်ငန်းစီမံကိန်း စိစစ်သုံးသပ်မှုနယ်ပယ်များတွင် နည်းပညာအကူအညီနှင့် ဝန်ထမ်းများ၏ အရည်အသွေးကို မြှင့်တင်ပေးရန် လိုအပ်လျက်ရှိပါသည်။ နိုင်ငံတော်ဘဏ္ဍာငွေများနှင့် နိုင်ငံတကာချေးငွေများအား ထိရောက်စွာအသုံးပြုသည့် လုပ်ငန်းစီမံကိန်းများအား စိစစ်ရွေးချယ်နိုင်ရန်အတွက် လုပ်ငန်းစီမံကိန်းစိစစ်သည့် လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါသည်။ ပြည်သူ့ဘဏ္ဍာငွေဆိုင်ရာ ကိန်းဂဏန်းများအား အချိန်နှင့်တစ်ပြေးညီ ထိန်းချုပ်ကွပ်ကဲနိုင်ရန် Core Banking စနစ်နှင့် ဘဏ်လုပ်ငန်းများ၌ ကွန်ပျူတာစနစ်များ အသုံးပြုဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ပင်စင်ပေးသည့်စနစ်အစား နိုင်ငံတကာနည်းတူ ပင်စင်ရန်ပုံငွေထူထောင်၍ ရေရှည်ရန်ပုံငွေလုံလောက်ပြီး မျှတသောပင်စင်စနစ်သို့ ပြောင်းလဲဆောင်ရွက်ရန် လိုအပ်ပါသည်။

**ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး၏ ကန့်သတ်ချက်များ**

၁၅။ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်နှင့် ပတ်သက်၍ ဥပဒေစည်းမျဉ်းစည်းကမ်းများ လုံလောက်မှု မရှိသေးခြင်း၊ ဌာနအဖွဲ့အစည်းများ၏ ဝန်ထမ်းအင်အားတိုးချဲ့ရန် အဆင့်လိုက်ဆောင်ရွက်ရမည်ဖြစ်ခြင်း၊ အစိုးရ၏မူဝါဒများ၊ ရည်မှန်းချက်များ၊ နှစ်စဉ်စီမံကိန်းများနှင့် ညီညွတ်ရန်၊ ပြည်ထောင်စုလွှတ်တော်၏ လိုလားချက်များနှင့် ညီညွတ်ရန်လိုအပ်ခြင်း၊ ဘတ်ဂျက်စိစစ်ရာတွင် စိစစ်ရသည့်ဌာန၌ လူအင်အားနှင့် နည်းပညာဆိုင်ရာ အသိပညာ၊ အတတ်ပညာများ လိုအပ်နေခြင်း၊ ဘတ်ဂျက်ကိန်း

ဂဏန်းများ မရရှိနိုင်ခြင်းကြောင့် အစီရင်ခံသည့်စနစ်အားနည်းခြင်း၊ ကြွေးမြီစီမံခန့်ခွဲမှု နည်းပညာလိုအပ်ခြင်း၊ နှစ်စဉ်နှစ်တိုင်း နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်သည်ရငွေထက် ပိုမိုများပြားနေသဖြင့် လိုငွေပြဘတ်ဂျက်ဖြစ်ခြင်း၊ နိုင်ငံတော်ဘတ်ဂျက်သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေအပေါ် မှီခိုနေရခြင်း၊ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်များတွင် လိုငွေပေါ်ပေါက်ပါက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းပေးခြင်း၊ နိုင်ငံတကာအဆင့်မီ ပင်စင်အစီအစဉ်မရှိခြင်း စသည်တို့သည် ကန့်သတ်ချက်များဖြစ်ပါသည်။

**ပြုပြင်ပြောင်းလဲရေး ပထမအဆင့်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ**
**(၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲ)**

၁၆။ ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ပြုပြင်ပြောင်းလဲရေး၏ ပထမအဆင့်တွင် အောက်ပါလုပ်ငန်းစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) **ငွေတိုက်ဦးစီးဌာနကို ဖွဲ့စည်းတည်ထောင်ခြင်း။** နိုင်ငံတော်၏ ဘတ်ဂျက်လိုငွေကို ဖြည့်ဆည်းနိုင်ရန် အစိုးရငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်များ လေလံတင်ရောင်းချမှုနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းကို တာဝန်ယူထိန်းသိမ်းမှုဆိုင်ရာ လုပ်ငန်းတာဝန်များကို ခွဲဝေဆောင်ရွက်နိုင်စေရန်နှင့် ငွေတိုက်ဆိုင်ရာ လုပ်ငန်းစဉ်များအား ထိရောက်စွာနည်းစနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်၌ ငွေတိုက်ဦးစီးဌာနကို သီးခြားဖွဲ့စည်းခဲ့ပါသည်။

(ခ) **ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ ခေတ်စနစ်နှင့်အညီ ပြင်ဆင်ခြင်း။** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၁၉၈၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် "ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးကော်မတီနှင့် အဖွဲ့များက လုပ်ငန်းဆောင်ရွက်ရာ၌ လိုက်နာကျင့်သုံးရမည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းဆိုင်ရာအမိန့်ကြော်ငြာစာ" ကို လက်ရှိခေတ်စနစ်နှင့်အညီ ပြင်ဆင်ခဲ့ပြီး "မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း" ကို ၂၀၁၇ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

(ဂ) **ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲခြင်းဆိုင်ရာ ဥပဒေသစ်ရေးဆွဲရန်ပြင်ဆင်ခြင်း။** ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲခြင်းဆိုင်ရာဥပဒေ (Public Finance Management Act) ရေးဆွဲပြဋ္ဌာန်းနိုင်ရန် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများပါဝင်သည့် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ အကြံပေးပညာရှင်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

(ဃ) **နှစ်လတ်ဘဏ္ဍာရေးမူဘောင်ကျင့်သုံးခြင်း။** နှစ်လတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework) အား ကမ္ဘာ့ဘဏ်အဖွဲ့၏ နည်းပညာအကူအညီဖြင့် ၂၀၁၅-၂၀၁၆ ခု၊

ဘဏ္ဍာရေးနှစ်မှစတင်၍ ကျင့်သုံးလျက်ရှိပြီး ဌာနအဖွဲ့အစည်းများသို့ Budget Ceiling များချထားပေးနိုင်ခဲ့ပါသည်။

(င) **ဘတ်ဂျက်ရေးဆွဲခြင်းနှင့် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစေခြင်း။** ပြည်ထောင်စု၏ မူလခွဲဝေပေးထားသည့် ပမာဏနှင့်နှိုင်းယှဉ်ကြည့်ပါက အသုံးစရိတ် အကောင်အထည်ဖော်နိုင်မှုသည် ၂၀၁၂-၂၀၁၃ ခုဘဏ္ဍာရေးနှစ်တွင် ၁၁၁.၆၅ ရာခိုင်နှုန်း၊ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွင် ၉၂.၃၈ ရာခိုင်နှုန်းနှင့် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် ၉၁.၂၄ ရာခိုင်နှုန်း ဖြစ်ပါသည်။ ဘတ်ဂျက်ရေးဆွဲရာတွင် ရငွေများ လျာထားခြင်း၊ အသုံးစရိတ်ဘောင်များ သတ်မှတ်ပေးခြင်းနှင့် နှစ်လတ်ဘဏ္ဍာရေး မူဘောင်အား အောင်မြင်စွာ မိတ်ဆက်ကျင့်သုံးနိုင်ခဲ့သည်။ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနသည် နှစ်လတ်ဘဏ္ဍာရေးမူဘောင်ကို ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်မှ စတင်ကျင့်သုံး၍ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများသို့ ယင်းတို့၏ သာမန်နှင့် ငွေလုံးငွေရင်းဆိုင်ရာ အသုံးစရိတ်မူဘောင်များ သတ်မှတ်ပေးနိုင်ခဲ့ပါသည်။ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်များဆိုင်ရာ သတင်းအချက်အလက်များ မြှင့်တင်စေနိုင်ခဲ့ပြီး ပထမအဆင့်အနေဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်၍ စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအဖြစ် ပေါင်းစည်းစေခဲ့ပြီးဖြစ်ပါသည်။ ဒုတိယအောင်မြင်မှု အနေဖြင့် နှစ်လတ်ဘဏ္ဍာရေးမူဘောင်အရ စီမံကိန်းနှင့်ဘတ်ဂျက်ကို ချိတ်ဆက်စေခြင်း၊ ကွန်ပျူတာပစ္စည်းများဝယ်ယူခြင်း၊ သတင်းအချက်အလက်နည်းပညာစနစ် တိုးတက်စေရန် Mini data center ထူထောင်ခြင်းလုပ်ငန်းများကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ဘဏ်၏ နည်းပညာအကူအညီဖြင့် Electronic စနစ်ဖြင့် ဘတ်ဂျက်တင်ပြမှုကို မကြာခင် လက်တွေ့ကျင့်သုံးသွားမည် ဖြစ်ပါသည်။ ထိရောက်မှုရှိပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့်လုပ်ငန်း စီမံကိန်းများ ရေးဆွဲနိုင်ရန်အတွက် အဆိုပြုရမည့် စီမံကိန်းအဆိုပြုချက်ပုံစံများအား ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

(စ) **တိုင်းဒေသကြီး/ပြည်နယ်များသို့ ဘဏ္ဍာရန်ပုံငွေလွှဲပြောင်းပေးခြင်းဆိုင်ရာ နည်းစနစ်တိုးတက်မှု။** ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများအကြား ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုပုံစံ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နိုင်ရန် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အောက်တွင် တိုင်းဒေသကြီး / ပြည်နယ်ဘဏ္ဍာရေးဌာနခွဲကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှု လျှော့ချရေးလုပ်ငန်းစဉ်အနေဖြင့် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့သည့်ငွေရပ်အား ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား သင့်လျော်သည့်ဘဏ္ဍာငွေခွဲဝေ

သုံးစွဲမှုဖြစ်ပေါ်စေရန် မေခရီစီးပွားရေး ညွှန်ကိန်းများအသုံးပြု၍ တွက်ချက်ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ထို့အပြင် အခွန်ခွဲဝေချထားမှုအနေဖြင့် တံဆိပ်ခေါင်းခွန် ၂% ကိုလည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးကျ ဝင်ငွေခွန်၏ ၅% ကို လည်းကောင်း၊ သွင်းကုန်တင်သွင်းမှုအပေါ် ကောက်ခံရငွေမှအပ ကျပ်ငွေဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံရငွေ၏ ၁၅% ကို လည်းကောင်း၊ အထူးကုန်စည်များ ပြည်ပမှတင်သွင်းခြင်းအတွက်ကောက်ခံရငွေမှအပဖြစ်သော အထူးကုန်စည်ခွန်ကောက်ခံရငွေ၏ ၁၅% ကိုလည်းကောင်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသို့ ခွဲဝေပေးလျက်ရှိပါသည်။

(ဆ) **ဘဏ္ဍာရေးပွင့်လင်းမြင်သာမှုတိုးတက်ခြင်း။** ဘဏ္ဍာရေးပွင့်လင်းမြင်သာမှုအနေဖြင့် နှစ်အလိုက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအား နှစ်စဉ်ထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့သလို DFID ၏နည်းပညာအကူအညီဖြင့် Citizen’s Budget အား ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်၍လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်၏ Budget Summary အား Pre-Budget Statement အနေဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင်လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်၏ Budget Speech ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လည်းကောင်း၊၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်၏ Citizen’s Budget အား၂၀၁၅ ခုနှစ် ဩဂုတ်လတွင်လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် MEITI အစီရင်ခံစာအား ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင်လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်၏ Year-end Report အား ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင်လည်းကောင်း ထုတ်ပြန်နိုင်ခဲ့ပါသည်။ "၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနအနေဖြင့် ဘတ်ဂျက်ဆိုင်ရာ စာစောင် (၈) မျိုးအနက် စာစောင် (၅) မျိုး ဖြစ်သည့် အစိုးရအဖွဲ့မှ တင်ပြသည့်အဆိုပြုလွှာ၊ ဥပဒေပြဋ္ဌာန်းသည့် ဘတ်ဂျက်၊ နိုင်ငံသားများအတွက် ဘတ်ဂျက်၊ နှစ်အတွင်း အစီရင်ခံစာနှင့် နှစ်ပတ်လည်အစီရင်ခံစာတို့ကို ဘတ်ဂျက်ပွင့်လင်းမြင်သာမှုတစ်ရပ်အနေဖြင့် ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာမှတဆင့် ပြည်သူလူထုထံ ထုတ်ပြန်နိုင်ခဲ့ပါသည်။

(ဇ) **Macro Economic Forecasting မြှင့်တင်စေခြင်း။** စီမံကိန်းရေးဆွဲရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို သုံးသပ်ခန့်မှန်းတွက်ချက်နိုင်ရန် **PFM Project** အောက်မှ **Macroeconomic Forecasting နှင့်** ပတ်သက်၍ **International Expert** ငှားရမ်းပြီး နည်းပညာအကူအညီများ ရယူဆောင်ရွက်ခြင်း၊ ဝန်ထမ်းများအား ဘာသာရပ်ဆိုင်ရာ သင်တန်းများ ပို့ချခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဈ) **ပြည်သူ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံခန့်ခွဲမှု တိုးမြင့်စေခြင်း။** ပြည်သူ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံခန့်ခွဲမှုအတွက် စွမ်းဆောင်ရည်တိုးတက်ရေးနှင့် စပ်လျဉ်း၍ Project Appraisal and Monitoring Guideline (draft)၊ Project Proposal Form Monitoring Form (draft) တို့အား ပိုမို၍အချက်အလက်ပြည့်စုံစေရေး၊ စနစ်တကျရှိစေရေးအတွက် လေ့လာပြင်ဆင်လျက်ရှိရာ မူကြမ်းအဖြစ်ထွက်ရှိလာပြီဖြစ်ပါသည်။ စီမံကိန်းများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအလိုက်နှင့် ဒေသအလိုက် database များ တည်ဆောက်နေပြီဖြစ်ပါသည်။

(ည) **ငွေကြေးစီမံခန့်ခွဲမှုနှင့် ကြွေးမြီစီမံခန့်ခွဲမှု တိုးတက်လာခြင်း။** ငွေတိုက်ဦးစီးဌာနသည် ငွေကြေးစီမံခန့်ခွဲမှုကို အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ အကြံပေးပညာရှင်၏ နည်းပညာအကူအညီဖြင့်လည်းကောင်း၊ ကြွေးမြီစီမံခန့်ခွဲမှုကို အာရှဖွံ့ဖြိုးရေးဘဏ်မှ အကြံပေးပညာရှင်၏ နည်းပညာအကူအညီဖြင့်လည်းကောင်း စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ခုနှစ် ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ၂၀၁၇ ခုနှစ် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာတို့ကို ရေးဆွဲထုတ်ပြန်ခဲ့ပါသည်။ အစိုးရငွေတိုက် လက်မှတ်လေလံပွဲများကို ၂၀၁၅ ခုနှစ်မှစ၍လည်းကောင်း၊ အစိုးရငွေတိုက်စာချုပ် လေလံပွဲများကို ၂၀၁၆ ခုနှစ်မှ စ၍လည်းကောင်း စတင်ကျင်းပခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်ဆံရေးတိုးတက် ကောင်းမွန်စေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာနှစ်ပတ်လည် အစီရင်ခံစာအား စတင်ထုတ်ပြန်ခဲ့ပြီး နှစ်စဉ်ရေးဆွဲထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ကြွေးမြီဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေမူဘောင်နှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်၊ ဖြစ်လာနိုင်သည့် ပြဿနာများအား ပုံမှန်ဆန်းစစ်မှုတို့ကို ဆောင်ရွက်နိုင်ရန် ကြွေးမြီမှတ်တမ်းတင်ခြင်းနှင့် စီမံခန့်ခွဲမှုစနစ် (Debt Reporting and Management System-DRMS) အား အကောင်အထည်ဖော်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ကြွေးမြီစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေနှင့်ကြွေးမြီစီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ www.mof.gov.mm တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

(ဋ) **ဘတ်ဂျက်အကောင်အထည်ဖော်ဆောင်မှုအား တိုးမြှင့်ဖော်ဆောင်ခြင်း။** အစိုးရပစ္စည်းဝယ်ယူမှုဆိုင်ရာ သတင်းအချက်အလက်ရရှိမှုများ တိုးတက်လာပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သော "အစိုးရပစ္စည်းဝယ်ယူမှု စည်းမျဉ်း

စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းပြုစုရေးကြီးကြပ်မှုကော်မတီ **(Public Procurement Rules and Regulations Supervision Committee-PPRRSC)** ကို ဖွဲ့စည်း၍ မြန်မာနိုင်ငံ၏ အစိုးရပစ္စည်းဝယ်ယူမှု ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အရေးပါသော တိုးတက်မှုအဆင့်တစ်ခုအဖြစ် အစိုးရဌာနအဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းအား ရေးဆွဲပြုစုခဲ့ပြီး နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇ ဖြင့် ၁၀-၄-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်နိုင်ခဲ့ပါသည်။ အစိုးရ၏ဝယ်ယူရေးဆိုင်ရာ ဥပဒေပြဌာန်းနိုင်ရေးအတွက် ကမ္ဘာ့ဘဏ်မှဝယ်ယူရေး ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ ရေးဆွဲလျက်ရှိပါသည်။ လက်ရှိကာလတွင် အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် လေလံခေါ်ယူမှုဆိုင်ရာ အချက်အလက်များကို သတင်းစာများတွင် ကြော်ငြာများထည့်သွင်းခြင်းအားဖြင့်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန Website တွင် ပွင့်လင်းမြင်သာစွာ ကြော်ငြာများ ထည့်သွင်းဖော်ပြခြင်းအားဖြင့်လည်းကောင်း သက်ဆိုင်ရာစိစစ်ရေးကော်မတီများဖြင့် ပိုမိုပွင့်လင်းမြင်သာ၍ အပြည့်အဝယှဉ်ပြိုင်ခွင့်ရှိသော ရွေးချယ်မှုနည်းစနစ်ကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ဘတ်ဂျက်တာဝန်ခံများကိုလည်း စီမံကိန်းရည်မှန်းချက်များ အောင်မြင်စေရန် သတ်မှတ်ထားသောနည်းလမ်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘတ်ဂျက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အခွင့်အာဏာများ အပ်နှင်းထားပါသည်။ ငွေတိုက်ဦးစီးဌာနသည် ပြည်ထောင်စု၏ လစဉ်ဘဏ္ဍာရန်ပုံငွေစာရင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် (၁၄) ခုတို့၏ လစဉ်ဘဏ္ဍာရန်ပုံငွေစာရင်းများကို စုစည်းပေါင်းချုပ်ပြီး နိုင်ငံတော်တစ်ခုလုံး၏ ဘဏ္ဍာရန်ပုံငွေစာရင်းများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့သို့ စုစည်းတင်ပြနိုင်မှုကြောင့် ဘဏ္ဍာရန်ပုံငွေစာရင်းများကို အချိန်နှင့်တပြေးညီ တင်ပြနိုင်မှု တိုးတက်လာခဲ့ပါသည်။ ပြည်သူ့ဘဏ္ဍာငွေဆိုင်ရာ ကိန်းဂဏန်းများအား အချိန်နှင့် တစ်ပြေးညီ ထိန်းချုပ်ကွပ်ကဲနိုင်ရန် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစာရင်းများအား လက်တွေ့ထိန်းသိမ်းဆောင်ရွက်နေရသည့် မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံတကာ ဘဏ်လုပ်ငန်းဆိုင်ရာ Core Banking စနစ် အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ပထမအဆင့်အနေဖြင့် နိုင်ငံတကာအကြံပေး Deloitte Consultant ကို ငှားရမ်းခန့်အပ်ကာ (၂၆.၄.၂၀၁၆) ရက်နေ့မှ စတင်၍ Core Banking စနစ်အတွက် လိုအပ်သောနည်းပညာဆိုင်ရာအကူအညီများ၊ Core Banking စနစ်နှင့် ကိုက်ညီသော Design

Software အသုံးပြုမှုဆိုင်ရာ သင်တန်းများနှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝလာစေရေးဆိုင်ရာ သင်တန်းများပေးခြင်းနှင့် ဒုတိယ အဆင့်အနေဖြင့် Data များအားအခြေခံ၍ အသုံးပြုမည့် Software ဝယ်ယူခြင်း၊ တတိယ အဆင့်အနေဖြင့် မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၊ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများနှင့် ခရိုင်ဘဏ်ခွဲအပါအဝင် စုစုပေါင်းဘဏ်ခွဲ (၈၆) ခုတွင် Core Banking စနစ် စတင်ကျင့်သုံးနိုင်ရေး Core Banking solution ဆော့ဖ်ဝဲလ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဠ) **မြန်မာ့အကောက်ခွန် ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခြင်း။** အကောက်ခွန်ဦးစီးဌာနသည် နိုင်ငံတော် ပြတင်းတစ်ပေါက်စနစ်အတွက် ရည်မျှော်ကာ ထုတ်ကုန် / သွင်းကုန်ဆိုင်ရာ အကောက်ခွန် ရှင်းလင်းရေးလုပ်ငန်းစဉ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် Myanmar e-customs စနစ်အား ဂျပန်အစိုးရနှင့် ဂျပန်အကောက်ခွန်တို့၏အကူအညီဖြင့် Myanmar Automated Cargo Clearance System-MACCS နှင့် Myanmar Customs Intelligence System-MCIS စနစ်အတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ်အနေဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစတင်၍ System တစ်ခုလုံးအား စတင်လည်ပတ်နိုင်ရေး စမ်းသပ်ခြင်း Running Test ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဥပဒေစည်းမျဉ်းနှင့်အမိန့်များ ပြုပြင်ပြောင်းလဲမှုအနေဖြင့် အကောက်ခွန်ဦးစီးဌာနတွင် ကျင့်သုံးလျက်ရှိသော ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေ ၁၈၇၈ ခုနှစ်နှင့် ကုန်းလမ်းအကောက်ခွန် အက်ဥပဒေ ၁၉၂၄ ခုနှစ်တို့ကို ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃) နှင့် ကုန်းလမ်းအကောက်ခွန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၄) တို့အား ၂၀၁၅ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို နိုင်ငံတကာနှင့် တပြေးညီဖြစ်စေရန်အတွက် ဆောင်ရွက်ရာတွင် ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့၏ စံသတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များအပေါ် အခြေခံ၍ တာဝန်ခံစီမံခန့်ခွဲမှုစနစ် (Risk Management)၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ တန်ဖိုးသတ်မှတ်ရေးစနစ် (WTO Valuation)၊ နှောင်းစာရင်းစစ်ဆေးခြင်းစနစ် (PCA)၊ ကုန်ပစ္စည်းများမရောက်ရှိမီ ကုန်ပစ္စည်းအမျိုးအစားခွဲခြား သတ်မှတ်ခြင်းနှင့် အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်း (Advance Ruling on Classification and Customs Valuation) စနစ်နှင့် ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် အာဆီယံကုန်ပစ္စည်း အမျိုးအစားခွဲခြားခြင်းဆိုင်ရာ ပြင်ဆင်ချက်များကို အခြေခံသည့် မြန်မာ့အကောက်ခွန်နှုန်းစာရင်း

၂၀၁၇ တို့ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ အခွင့်ရစီးပွားရေး ဆောင်ရွက်သူ (Authorized Economic Operator - AEO) Program ကျင့်သုံးနိုင်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရေးနှင့် ပြန်လည်ပြုပြင်ထားသော ကျိုတိုသဘောတူညီချက် (Revised Kyoto Convention - RKC) အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ အကောက်ခွန်လုပ်ထုံးလုပ်နည်းများအား ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး သဘောတူညီချက် (Trade Facilitation Agreement ) ပါ အချက်များနှင့် တပြေးညီဖြစ်စေရန်နှင့် အာဆီယံပြတင်းပေါက်စနစ် (ASEAN Single Window) သို့ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့် ပြတင်းပေါက်စနစ် (National Single Window) အား အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ စီမံခန့်ခွဲမှုဆိုင်ရာနည်းဗျူဟာများတွင် IMF မှ အကူအညီများဖြင့် စီမံကိန်းရေးဆွဲခြင်းနည်းဗျူဟာများ၊ ဖွဲ့စည်းတည်ဆောက်ပုံများနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုများသည် ပြောင်းလဲတိုးတက်လာခဲ့သည်။

(၃) **အခွန်စီမံခန့်ခွဲမှုစနစ်နှင့် ရငွေစီမံခန့်ခွဲမှုခိုင်မာအားကောင်းစေခြင်း။** ၂၀၁၂ ခုနှစ်မှစ၍ ပြည်တွင်းအခွန်များဦးစီးဌာနသည် မြန်မာနိုင်ငံရှိအခွန်စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ကမ္ဘာ့ဘဏ်၊ IMF နှင့် USOTA တို့၏ နည်းပညာအကူအညီများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာ စီမံချက်နှင့် အသေးစိတ် လုပ်ငန်းအစီအစဉ်များရေးဆွဲခဲ့ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန (ရုံးချုပ်) ၏ ဖွဲ့စည်းပုံကို လုပ်ဆောင်ချက်အခြေပြု ဖွဲ့စည်းပုံ (Function Based Structure) ပြင်ဆင်၍ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးကို ဖွဲ့စည်းခဲ့ပါသည်။ စွမ်းဆောင်ရည်များ တိုးတက်စေရန် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခြားကဏ္ဍများကိုလည်း ပြုပြင်ပြောင်းလဲသွားမည်ဖြစ်ပါသည်။ အထူးကုန်စည်ခွန်ကို ၂၀၁၆ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင် စတင်ကျင့်သုံးပြီး ၂၀၁၈ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင် မူကြမ်းရေးဆွဲထားသော အခွန်စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းဥပဒေအား စတင်ပြဌာန်းနိုင်ရန် မျှော်မှန်းထားပါသည်။ ဤဥပဒေသည် အခွန်စနစ်၏ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုကို ဖော်ဆောင်မည်ဖြစ်ပါသည်။ အဖွဲ့အစည်း၏ ကျယ်ပြန့်သော စနစ်ရရှိမှုအတွက် နည်းဗျူဟာများနှင့် ပြုပြင်ပြောင်းလဲရေးစီမံကိန်းများဖြင့် ၅ နှစ် အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ဝန်ဆောင်မှုလုပ်ငန်းများ ခိုင်မာအားကောင်းလာခဲ့ပြီးဖြစ်သည့်အပြင် ပြည်တွင်းအခွန်များဦးစီးဌာန (ရုံးချုပ်)၊ အခွန်ထမ်းကြီးများဆိုင်ရာ

အခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁) တို့တွင် လုပ်ငန်းစွမ်းရည် မြှင့်တင်မှုဆိုင်ရာ သင်တန်းများပေးခြင်းကို သိသိသာသာဆောင်ရွက် လာနိုင်ခဲ့ပြီးဖြစ်ပါ သည်။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးကို ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ရန်ကုန်မြို့၌ တည်ထောင်နိုင်ခဲ့ပြီး အခွန်ထမ်းကြီးများမှ ကိုယ်တိုင်လာရောက်၍ အခွန် များကို ပေးဆောင်လျက်ရှိပါသည်။

အလယ်အလတ်အခွန်ထမ်းရုံး (၁)၊ (၂) ကို ၂၀၁၅ ခုနှစ် ဇွန်လ ၁၁ ရက်နေ့နှင့် (၃) ကို ၂၀၁၆ ခုနှစ် မတ်လ ၃ ရက်နေ့၌ ရန်ကုန်မြို့တွင် အသီးသီးတည်ထောင်ခဲ့ပါသည်။ အခွန် ထမ်းကိုယ်တိုင် အခွန်ထမ်းဆောင်သည့်စနစ် လုပ်ငန်းစဉ်ကို အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတွင် ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက် နေ့ တွင်လည်းကောင်း၊ အလယ်အလတ်အခွန် ထမ်းရုံး (၁) တွင် ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက် နေ့တွင်လည်းကောင်း စတင်ကျင့်သုံး လျက်ရှိပြီး ၎င်းတို့၏တိုးတက်မှု အခြေအနေများ အပေါ်မူတည်၍ အခြားအလယ် အလတ်အခွန်ထမ်းရုံးများတွင်လည်း ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ပါသည်။

**(ဃ) ပြင်ပကြီးကြပ်မှု ခိုင်မာအားကောင်းစေခြင်း။** ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က နှစ်စဉ်တင်သွင်းသည့် နိုင်ငံတော် ၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများပါ လုပ်ငန်းစီမံကိန်းများနှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို လေ့လာစိစစ်၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်ပြပါသည်။

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းပါ ရငွေများနှင့် သုံးငွေများအပေါ် အစီရင်ခံထားသော ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုစိစစ်၍ ပြည်ထောင်စု လွှတ်တော်သို့ အစီရင်ခံစာတင်ပြခြင်း၊ ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများ အနေဖြင့် လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူထားသည့် လျာထားရငွေများကို ပြည့်ဝစွာရရှိစေရန် ဆောင်ရွက်ထားခြင်းရှိမရှိ၊ သုံးစွဲခွင့်ပြုထားသော သုံးငွေများကို သတ်မှတ်ထားသောကိစ္စအတွက် သုံးစွဲခြင်းရှိမရှိ၊ ထိရောက်စွာအသုံးပြုမပြု၊ လုပ်ငန်း စီမံကိန်းများအကောင်အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှုရှိမရှိ စိစစ်၍ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊ ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို သတ်မှတ်ထားသောကိစ္စအတွက်သာ သုံးစွဲခြင်းရှိမရှိ၊ ထိရောက်မှန်ကန်စွာသုံးစွဲခဲ့ခြင်းရှိမရှိ စိစစ်နိုင်ရေးအတွက် လုပ်ငန်း ဌာနများသို့ သွားရောက်စစ်ဆေးရန် လိုအပ်ပါက လွှတ်တော်သို့တင်ပြဆောင်ရွက်ခြင်း၊

ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြသော ပြည်တွင်း/ပြည်ပချေးငွေအသုံးစရိတ်များနှင့် စပ်လျဉ်း၍စိစစ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့က (၆) လပတ်အလိုက် တင်သွင်းသော စီမံကိန်း ဆောင်ရွက်မှု အစီရင်ခံစာ၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့် အခွန်ရငွေစာရင်းများအား လေ့လာစိစစ်ခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေး မူဝါဒအကောင်အထည်ဖော် ဆောင်ရွက်ချက်နှင့် ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေး ဆောင်ရွက်ချက်အစီရင်ခံစာများကို လေ့လာစိစစ်ခြင်း၊ ပြင်ပစောင့်ကြည့် လေ့လာခြင်း နှင့် စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများ ပိုမိုခိုင်မာအားကောင်းစေရန် အရည်အသွေး မြှင့်တင်ရေးနှင့် ဝန်ဆောင်မှုပေးနိုင်ရေးတို့အတွက် လွှတ်တော်၏အခန်းကဏ္ဍဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ သတင်းအချက်အလက်များ စုဆောင်းခြင်း၊ အပြည်ပြည် ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းများအား လေ့လာခြင်းတို့ကို ဆောင်ရွက် လျက်ရှိပါသည်။

ထို့ပြင်နိုင်ငံတော်၏ ဘဏ္ဍာရေးမူဝါဒနှင့် နှစ်လတ်ဘဏ္ဍာရေးမူဘောင် ခန့်မှန်း ချက်များကို အကောင်အထည်ဖော်နိုင်ရန်နှင့် ဘတ်ဂျက်အား ဥပဒေပြုရေးမဏ္ဍိုင်မှ ကြပ်မတ်စစ်ဆေးခြင်းအတွက် PEFA ညွှန်ကိန်းများ (PI.18) နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာများအရ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေ ငွေစာရင်းပါ ရငွေ၊ သုံးငွေများနှင့် စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုထားသည့် လျာထားရငွေများကို ပြည့်ဝစွာရရှိရန်အတွက် ဆောင်ရွက်ရန်နှင့် သုံးစွဲခွင့်ပြုထားငွေ များကို သတ်မှတ်ထားသောကိစ္စအတွက် ထိရောက်စွာအသုံးပြုနိုင်ရေး စောင့်ကြပ်စစ် ဆေးခြင်း၊ (PI.31) တို့အား ပြည့်မီရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ့ ငွေစာရင်းပူးပေါင်းကော်မတီအနေဖြင့် ကြပ်မတ်စစ်ဆေးမှု စွမ်းရည်မြင့်တက်လာစေ ရန်နှင့် အစိုးရ၊ အခြားတာဝန်ယူရသည့် အဖွဲ့အစည်း/ ပုဂ္ဂိုလ်များနှင့် အပြုသဘော ဆောင်သော ထိတွေ့ဆက်ဆံမှုများ ပိုမိုတိုးပွားလာစေရန်အတွက်လည်း ဆောင်ရွက် လျက်ရှိပါသည်။ ထိုနည်းတူ တိုင်းဒေသကြီး/ ပြည်နယ်ဘတ်ဂျက်များအား တာဝန်ခံ စိစစ်နေသော တိုင်းဒေသကြီး/ ပြည်နယ်ရှိ ပြည်သူ့ငွေစာရင်း ကော်မတီဝင်များ၊ သက်ဆိုင်ရာကော်မတီဝင်များနှင့် ချိတ်ဆက်၍ အသိပညာနှီးနှောဖလှယ်ပွဲများ၊ အလုပ် ရုံဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံစာရင်းကောင်စီသည် ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းများကို နိုင်ငံတကာ စာရင်းကိုင်များအဖွဲ့ International Federation of Accountants- IFAC ၏ အသုံး အနှုန်းများနှင့်ကိုက်ညီစေရေး၊ စာရင်းလုပ်ငန်းအမျိုးအစားများ ပိုမိုပြည့်စုံစေရေး၊ စာရင်း

ပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များ ပိုမိုအားကောင်းလာစေရန် ကိုယ်ပိုင်သင်တန်းကျောင်းများ ဖွင့်လှစ်ခွင့်ပေးရေး၊ ကောင်စီ၏လုပ်ငန်းတာဝန်များကို ဆိုင်ရာကော်မတီများသို့ လွှဲအပ်ဆောင်ရွက်စေနိုင်ရေး၊ သင်တန်းဆရာများ မှတ်ပုံတင်ရေး၊ အခြားသော တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေဖြစ်စေရေးတို့အတွက် ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့ပါသည်။ ယခုအခါ ပုဂ္ဂလိကကဏ္ဍတွင်စာရင်းစံများကို နိုင်ငံတကာနှင့် တပြေးညီဖြစ်စေရေးအတွက် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (International Financial Reporting Standards - IFRS)- UP to Date Version ကို English Version အတိုင်း ပြဋ္ဌာန်းနိုင်ရန် မြန်မာနိုင်ငံစာရင်းကောင်စီနှင့် International Financial Reporting Standards Foundation Corporation တို့အကြား Agreement for the Supply of data for the Adoption and Publication of IFRS လက်မှတ်ရေးထိုးပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူ ခွင့်ပြုချက်ရယူကာ ပုံနှိပ်ထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ) ၏ နည်းပညာအကူအညီ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍတွင် ဘဏ္ဍာရေး အစီရင်ခံခြင်းလုပ်ငန်းများ တိုးတက်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့မှ ကိုယ်စားလှယ်များ ပါဝင်သော ဘဏ်လုပ်ငန်းကဏ္ဍတွင် ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံနှုန်းများ အကောင်အထည်ဖော်ဆောင်ရေးကော်မတီ (BFRIC) ကို ဖွဲ့စည်းခဲ့ပါသည်။ ယခုအခါတွင် ဘဏ္ဍာရေးရှင်းတမ်းများကို နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံများနှင့်အညီ ပြုစုရေးဆွဲမည့်ရှေ့ပြေးပုဂ္ဂလိကဘဏ် (၃) ခုကို ရွေးချယ်ခဲ့ပြီး နည်းပညာအကူအညီများ ထောက်ပံ့ပေးလျက်ရှိပါသည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ စာရင်းနှင့်စာရင်းကိုင်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများ လိုက်နာခြင်းအပေါ် လေ့လာချက်အစီရင်ခံစာကို ထုတ်ပြန်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် ဆင်းရဲမွဲတေမှုလျှော့ချရေးဆိုင်ရာ ဂျပန်နိုင်ငံ၏ ရန်ပုံငွေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်၏

နည်းပညာအကူအညီဖြင့် စာရင်းစစ်ချုပ်ရုံးများ၏ နိုင်ငံတကာစံများကို အခြေပြုသော ဘဏ္ဍာရေး စာရင်းစစ်ဆေးခြင်းဆိုင်ရာ လက်စွဲများ၊ လမ်းညွှန်ချက်များထွက်ရှိရေးနှင့် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲနှင့်သင်တန်းများ ပို့ချခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် စစ်ဆေးရေးလုပ်ငန်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ၂၀၁၀ ခုနှစ် တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၃ ခုနှစ် နှင့် ၂၀၁၄ ခုနှစ် များတွင် အသီးသီးပြင်ဆင်ပြဋ္ဌာန်းခဲ့ပါ သည်။ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပထမ (၆) လ နိုင်ငံတော်အရအသုံးစာရင်းများကို စစ်ဆေးရာတွင်တွေ့ရှိရသည့် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များနှင့် အရေးယူဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာကို ၂၀၁၅ ခုနှစ် မေလတွင် ပြည်ထောင်စု လွှတ်တော်သို့ အစီရင်ခံတင်ပြနိုင်ခဲ့သည့်အတွက် လွှတ်တော်သို့ အချိန်နှင့်တပြေးညီ စာရင်းစစ်အစီရင်ခံတင်ပြမှုစနစ် တိုးတက်လာခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေး နှစ် ဒုတိယ (၆) လပတ် အစီရင်ခံစာနှင့် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တစ်နှစ်လုံး အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ နိုင်ငံတော်၏ အရ အသုံးစာရင်းများနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတို့ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် တင်ပြနိုင်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတွင် အမျိုးသားစီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်မှု၊ အခွန်အကောက် ဥပဒေအပေါ် အကောင်အထည်ဖော်မှု၊ ရသုံးခန့်မှန်းခြေအပေါ် အကောင်အထည်ဖော်မှု၊ ဌာနအဖွဲ့အစည်းများ၏ ၅ နှစ်တာကာလအတွင်း လုပ်ငန်း တိုးတက်ဆောင်ရွက်နိုင်မှု၊ အဖွဲ့အစည်းများအလိုက် စစ်ဆေးတွေ့ရှိချက်များ၊ ဝန်ကြီး ဌာနအချို့နှင့် သက်ဆိုင်သည့် အခြားစိတ်ဝင်စားဖွယ် ကိစ္စရပ်များ၊ ဘဏ္ဍာရေးနှစ် အဆက်ဆက်ကြွေးကျန်များ၊ နိုင်ငံတော်ပိုင်ငွေနှင့်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုနှင့် အခြား ကိစ္စရပ်များစသည်ဖြင့် အပိုင်းများ ခွဲခြားဖော်ပြခြင်းအားဖြင့် စာရင်းစစ်အစီရင်ခံစာ ပုံစံကို ပြောင်းလဲခဲ့ပြီး ၂၀၁၇ ခုနှစ် မတ်လတွင် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ခဲ့ ပါသည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ မူကြမ်းရေးဆွဲ၍ လွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်း ကော်မတီနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေးကော်မရှင်တို့နှင့်

ညှိနှိုင်း၍ လွှတ်တော်များသို့ တင်ပြနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ရေးဆွဲ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

(ဏ) **အဖွဲ့အစည်းနှင့်စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေခြင်း။** PFM ပြုပြင်ပြောင်းလဲမှုအောက်ရှိ များစွာသောဝန်ထမ်းများသည် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ခိုင်မာအားကောင်းလာသည့် လေ့ကျင့်ရေးသင်တန်းများ၏ အကျိုးကျေးဇူးများကို ခံစားခွင့်ရှိသည်။ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်ကို ထိထိရောက်ရောက်နှင့် စွမ်းဆောင်ရည်ရှိစွာဆောင်ရွက်ခြင်းအားဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်မှုစွမ်းဆောင်ရည် တိုးမြှင့်လာစေရန် စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လေ့ကျင့်ရေးသင်တန်း များ ဖြစ်သည့် MTFF ၊ ကြွေးမြီစီမံခန့်ခွဲမှု၊ ငွေသားစီမံခန့်ခွဲမှု၊ ဘတ်ဂျက်စိစစ်သုံးသပ်မှု၊ GFS၊ ဘဏ်လုပ်ငန်းစနစ်၊ SEEs၊ အခွန်စာရင်းစစ်ခြင်း၊ အခြေခံ PFM သင်တန်းများ၊ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးနှင့်ဆိုင်သော အစီရင်ခံစာ စံသတ်မှတ်ချက်နှင့် စာရင်းကိုင်ခြင်းအတွက် အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်၊ စာရင်းကိုင်ပညာနှင့်ဆိုင်သော အသက်မွေးဝမ်းကြောင်းပညာ၊ ပစ္စည်းဝယ်ယူရေးစသည်တို့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်စပ်သည့် ဝန်ထမ်း (၃၀၀) ကျော်တက်ရောက်ခဲ့ကြသည်။ ပထမအကြိမ် အင်္ဂလိပ်စာသင်တန်းတွင် ဝန်ထမ်း (၃၉၅) ဦး၊ ဒုတိယအကြိမ် အင်္ဂလိပ်စာသင်တန်းတွင် ဝန်ထမ်း (၄၈၂) ဦးတက်ရောက်ခဲ့ပြီး ကွန်ပျူတာအခြေခံနှင့် အဆင့်မြင့် သင်တန်းများတွင် ဝန်ထမ်း (၁၃၄၀) ဦး တက်ရောက်ခဲ့ပါသည်။ အစိုးရသစ်လက်ထက်တွင် နေပြည်တော်၌ PFM ဆိုင်ရာ သင်တန်းကျောင်းဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ပြီး သင်တန်းကျောင်းမပြီးစီးခင် အခွန်ဆိုင်ရာစာရင်းအင်းစစ်ဆေးခြင်း၊ မက်ခရိုစီးပွားရေးစောင့်ကြည့် လေ့လာခြင်း၊ ငွေကြေးစီမံခန့်ခွဲမှု၊ ကြွေးမြီစီမံခန့်ခွဲမှု၊ ပစ္စည်းဝယ်ယူရေးဆိုင်ရာသင်တန်းများ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းများ၊ ဘတ်ဂျက်သုံးသပ်မှုဆိုင်ရာ သင်တန်းများ၊ အီလက်ထရောနစ်စနစ်ဖြင့် ဘတ်ဂျက်အဆိုပြု တင်ပြမှုဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲများ၊ ငွေကြေးဆိုင်ရာပွင့်လင်းမြင်သာမှု၊ ဘဏ္ဍာရေးမူဝါဒ၊ စာရင်းအင်းနှင့် အစီရင်ခံတင်ပြခြင်းဆိုင်ရာ

သင်တန်းများကို သက်ဆိုင်ရာဌာနများတွင် ပို့ချပေးနေပြီဖြစ်သည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုသင်တန်းကျောင်းတည်ထောင်ရေးဆိုင်ရာ ဦးဆောင်စိစစ်ရေးဘုတ်အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဌာနများ၏ စွမ်းဆောင်ရည်လိုအပ်ချက်များကို လေ့လာသုံးသပ်ပြီး သင်ရိုးညွှန်းတန်း ရေးဆွဲနိုင်ရေးအတွက် Consultancy Firm တစ်ရပ်ငှားရမ်းရန် ဆုံးဖြတ်ခဲ့ကြပါသည်။ PFM သင်တန်းကျောင်းအဝင်လမ်း တည်ဆောက်ရန် (၃၀%)အတွက် လျာထားငွေကျပ် (၁၅၆.၅) သန်းလျာထားခဲ့ပြီး၊ နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၁) အနီးဆောက်လုပ်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးမှ အတည်ပြုပြီးဖြစ်၍ မြေနေရာရရှိရေး နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

**(တ) နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲခြင်း။** မြန်မာနိုင်ငံအနေဖြင့်၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်မှစ၍ စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်နိုင်ရေးမူနှင့်အညီ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင်နိုင်ငံတော်၏ ရငွေတိုးမြင့်စေနိုင်ရန်အတွက် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် အသုံးစရိတ်များ၊ အရှုံးအမြတ်စာရင်းများ၊ ဘဏ္ဍာရေးအခြေအနေများအား သုံးသပ်၍ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အရှုံးပေါ်ပေါက်နေသော အဖွဲ့အစည်းများကို ပုဂ္ဂလိကနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု (Joint Venture) ပြုလုပ်ခြင်းအားဖြင့်လည်းကောင်း နိုင်ငံတော်ပိုင် အဖွဲ့အစည်းများအား ကော်ပိုရေးရှင်း အသွင်ပြောင်းမှု (Corporatization) ပြုလုပ်ခြင်းဖြင့်လည်းကောင်း ရငွေတိုးနိုင်မည့် နည်းလမ်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**ပြုပြင်ပြောင်းလဲမှု၏ ဒုတိယအဆင့်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ (၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ)**

၁၇။ နိုင်ငံတော်အနေဖြင့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးကို ၂၀၁၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ၅ နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးနောက် ဘဏ္ဍာရေးကဏ္ဍ ရေရှည်တည်တံ့မှု၊ မူဝါဒအခြေပြုဘတ်ဂျက်ရေးဆွဲသည့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတွင်အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ် (SAS) ကျင့်သုံးမှု၊ ငွေတိုက်ဦးစီးဌာနဖွင့်လှစ်နိုင်ခဲ့မှု၊ ဗဟိုဘဏ်သီးခြားရပ်တည်မှု၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား ဘဏ္ဍာငွေလွှဲပြောင်းမှုဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ကို စီမံကိန်းနှင့်ဘဏ္ဍာရေး

ဝန်ကြီးဌာနအဖြစ် ပေါင်းစည်းနိုင်ခဲ့မှု၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး/ ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ခွဲခြားနိုင်ခဲ့မှုစသည့် အောင်မြင်မှုများရရှိခဲ့ပြီး ဆက်လက်၍ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ (၅) နှစ်သက်တမ်းကာလအတွင်း ရှေ့ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲရေး၏ ဒုတိယအဆင့်တွင် အစိုးရ၏ရငွေနှင့်အသုံးစရိတ်များ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအား စွမ်းဆောင်ရည် မြှင့်တင်နေစဉ်အတွင်း တည်ငြိမ်စွာ ထိန်းသိမ်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။ ဤအဆင့်သည် ၂၀၁၈ ခုနှစ်မှစ၍ (၅) နှစ်အထိ ရည်မှန်းထားပြီး အောက်ပါလုပ်ငန်းစဉ်များ ပါဝင်မည်ဖြစ်ပါသည် - (ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ဒုတိယအဆင့်အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်၏ အချိန်ကာလကို **နောက်ဆက်တွဲ(က)** ဖြင့် ဖော်ပြအပ်ပါသည်။ )

(က) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်တွင် ဖွဲ့စည်းထားရှိသည့် ငွေတိုက်ဦးစီးဌာန၏ ဘဏ္ဍာရေးအစီရင်ခံတင်ပြမှုများနှင့် စပ်လျဉ်းသည့် ငွေသားနှင့် ကြွေးမြီစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစေခြင်း၊

(ခ) ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအကြား ဘဏ္ဍာရေးသတင်း အချက်အလက်များစုစည်းမှု၊ အစီရင်ခံမှုများကို အချိန်နှင့်တပြေးညီ ရရှိနိုင်ရေးအတွက် ရိုးရှင်းသောနည်းပညာများ အသုံးပြုဆောင်ရွက်ခြင်း၊

(ဂ) ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူခြင်းကို အပြီးသတ် လျှော့ချနိုင်ရန် ငွေကြေးနှင့်ကြွေးမြီစီမံခန့်ခွဲမှုများကို မြှင့်တင်ရေးနှင့်ဟန်ချက်ညီစေရေး ဆောင်ရွက်ခြင်း၊

(ဃ) အထက်မှအောက်ခြေသို့ ဘတ်ဂျက်ဘောင်သတ်မှတ်ပေးခြင်းနှင့် Performance Information များနှင့်အတူ အောက်ခြေဦးစီးဌာနများ၏ တင်ပြချက်များကို ဝန်ကြီးဌာနများက စုစည်းတင်ပြခြင်း၊ နည်းစနစ်များဖြန့်ကျက်အသုံးပြုခြင်းနှင့် ပြည်ထောင်စု၏ အသုံးစရိတ်အခြေအနေများကို တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တွင် တင်ပြနိုင်ရန်၊

(င) ငွေလုံးငွေရင်းဆန်းစစ်ချက်စနစ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များ စောင့်ကြည့်ခြင်းတို့ကို တိုးတက်ကောင်းမွန်စေခြင်းဖြင့် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို အချိုးကျမျှတစွာ သတ်မှတ်ခွဲဝေပေးနိုင်ရေး ဆောင်ရွက်ခြင်း၊

(စ) ဝင်ငွေနှင့်အသုံးစရိတ်များကို အမှန်စာရင်းနှင့်အနီးစပ်ဆုံး ခန့်မှန်းလျာထားခြင်းဖြင့် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုစနစ်ကို တဖြည်းဖြည်းလျှော့ချသွားခြင်း၊

(ဆ) ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ပစ္စည်းဝယ်ယူမှုစည်းမျဉ်းများအား သုံးသပ်ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ခြင်း၊ ဘတ်ဂျက်ဥပဒေနှင့် အစိုးရကြွေးမြီဥပဒေ အပါအဝင် လိုအပ်သည့်ဥပဒေများကို ခေတ်စနစ်နှင့်အညီဖြစ်စေရန် စသည်ဖြင့် အသစ်

ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်နိုင်ရန်စီစဉ်ခြင်း၊ ငွေကြေးနှင့် ကြွေးမြီစီမံခန့်ခွဲမှုများ မြင့်တင်ရန်နှင့် ဟန်ချက်ညီဖြစ်စေခြင်း၊

(ဇ) နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးအခြေအနေများ ပွင့်လင်းမြင်သာမှုရှိရေး၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘတ်ဂျက်တွင်ပါဝင်မှု အခန်းကဏ္ဍကို သင့်လျော်သည့်ပုံစံဖြင့် သုံးသပ်ဆောင်ရွက်ခြင်း၊

(ဈ) မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်နှင့် ဘဏ်ခွဲများတွင် Online ချိတ်ဆက်၍ Centralized Server ချိတ်ဆက်အသုံးပြုနိုင်သည့် Core Banking စနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ည) အခွန်ရငွေတိုးမြင့်နိုင်ရန် စီမံခန့်ခွဲခြင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေများ ပြင်ဆင်ခြင်း၊ ဘဏ္ဍာရေးမူဝါဒနှင့်အညီ အခွန်ဆိုင်ရာ ဥပဒေသစ်များပြဋ္ဌာန်းခြင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန (ရုံးချုပ်) ဖွဲ့စည်းပုံပြင်ဆင်ခြင်း၊ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်ကို အကောင်အထည်ဖော်ကျင့်သုံးနိုင်ရန် အလယ်အလတ်အဆင့်အခွန်ထမ်းဆိုင်ရာ အခွန်ရုံးများထူထောင်ခြင်း၊ အဆိုပါအခွန်ရုံးများတွင် အခွန်ပေးဆောင်သူများအတွက် ဝန်ဆောင်မှုများနှင့် တယ်လီဖုန်းကြေးနန်း စီမံခန့်ခွဲမှုများအတွက် လိုအပ်သောနည်းပညာများကို တပ်ဆင်အသုံးပြုခြင်းတို့ ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ဝင်ငွေခွန်ဥပဒေမူကြမ်းကို ပြင်ဆင်ရေးဆွဲရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ဋ) အကောက်ခွန်ဦးစီးဌာန ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အီလက်ထရောနစ်စနစ်ကို အခြေခံ၍ သွင်းကုန်ကြေညာလွှာနှင့် ထုတ်ကုန်ကြေညာလွှာများ ဖွင့်လှစ်ဆောင်ရွက်ခြင်း။

(ဌ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် စစ်ဆေးရေးလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် နော်ဝေစာရင်းစစ်ချုပ်ရုံး၊ အာရှဖွံ့ဖြိုးရေးဘဏ်စသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ နည်းပညာအကူအညီဖြင့် စာရင်းစစ်ချုပ်ရုံးများ၏ နိုင်ငံတကာစံများ (ISSAIs) ကို အခြေပြုသော ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်းဆိုင်ရာလက်စွဲများ၊ လမ်းညွှန်ချက်များပေါ်ထွက်လာရေး၊ ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း (Financial Audit) ၊ စည်းမျဉ်းစည်းကမ်းလိုက်နာမှုစစ်ဆေးခြင်း (Compliance Audit) ၊ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်း (Performance Audit) စသည်တို့ကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ပြုလုပ်ဆောင်ရွက်ပေးခြင်း၊ Pilot Audit ဆောင်ရွက်စေခြင်း၊ နောက်ပိုင်းကာလများတွင် IT based audit support tool များအသုံးပြုလျက် IT စာရင်းစစ်ဆေးခြင်းကို ဆောင်ရွက်နိုင်ရန်အတွက် IT Strategy ရေးဆွဲနိုင်ရေး ဆောင်ရွက်ခြင်းနှင့် ဝန်ထမ်းများအတွက် IT Capacity Building

မြင့်တင်နိုင်ရေးဆောင်ရွက်ခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၈) ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ခြင်းကြောင့် ဥပဒေ ပြဋ္ဌာန်းချက်ပါအတိုင်း လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်းအပါအဝင် စစ်ဆေးရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်း များ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ခြင်း၊ လူသားအရင်းအမြစ်စီမံခန့်ခွဲမှု (HR Management)၊ Project စီမံခန့်ခွဲမှု (Project Management)၊ ပစ္စည်းစီမံခန့်ခွဲမှု (Assets Management) စသည့် သင်တန်းများ ပြုလုပ်ဆောင်ရွက်ပေးခြင်းဖြင့် ဝန်ထမ်းများ၏ စစ်ဆေးမှု အရည်အသွေးတိုးမြင့်စေရေး စဉ်ဆက်မပြတ် ဆောင်ရွက် ခြင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ (၂၀၁၅) အား အသုံးအနှုန်းများ ပိုမိုပြီးပြည့်စုံ စေရန်၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ တာဝန်နှင့် လုပ်ပိုင် ခွင့်များကို ပိုမိုပြီးပြည့်စုံစေရန်၊ ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရပြည်သူ့ စာရင်းကိုင်သင်တန်းများသာမက အခြားစာရင်းပညာသင်တန်းများပါ ပိုမိုကျယ်ပြန့်စွာ ပါဝင်လာစေရန်၊ နိုင်ငံအတွက် လိုအပ်ချက်အရ အသက်မွေးဝမ်းကြောင်းပညာရပ်များ ပိုမိုဖွင့်လှစ်သင်ကြားနိုင်ရန်၊ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခွင့် ကို နိုင်ငံသားများကိုသာခွင့်ပြုရန် တစ်ဦးချင်းအနေဖြင့် သင်တန်းဆရာအဖြစ် လုပ်ကိုင် ဆောင်ရွက်နိုင်ရေး ဖြေလျှော့ခွင့်ပေးရန်၊ စာရင်းအင်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အချက်အလက်များကို ပံ့ပိုးနိုင်ရန်အတွက် မလိုအပ်သည်များကို ပယ်ဖျက်ရန်၊ အခြား ဥပဒေများနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ထပ်မံပြင်ဆင် ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိခြင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေပါ ပြဋ္ဌာန်းချက်များအတွက် အသေးစိတ် လုပ်ငန်းစဉ်များပြဋ္ဌာန်းနိုင်ရေး မြန်မာ နိုင်ငံစာရင်းကောင်စီ နည်းဥပဒေ (မူကြမ်း) ကို ပြုစုရေးဆွဲလျက်ရှိခြင်း၊ ဘဏ္ဍာရေးနှစ် ပြောင်းလဲသတ်မှတ်ရန်အတွက် အသွင်ကူးပြောင်းကာလ (၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက် နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ) အတွင်း စစ်ဆေးရေးလုပ်ငန်းများ အဆင်ပြေ ချောမွေ့စွာဖြင့် အချိန်မီထုတ်ပြန်နိုင်ရေးအတွက် ဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဍ) ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အကယ်ဒမီသင်တန်းကျောင်း ဖွဲ့စည်းတည်ထောင်ခြင်း၊

(ဎ) ရေရှည်တည်တံ့သော ပင်စင်စနစ်ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ခြင်း၊

## ပြုပြင်ပြောင်းလဲရေးဒုတိယအဆင့်၏ ရလဒ်မျှော်မှန်းချက် (၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ)

၁၈။ ဒုတိယအဆင့်အား အကောင်အထည်ဖော်ဆောင်ရွက်စဉ် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုပုံစံနှင့် ပတ်သက်၍ သိသိသာသာပြောင်းလဲတိုးတက်လာစေရန် ဆောင်ရွက်ရမည်။ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ် အတွင်း အောက်ပါရလဒ်များ ရရှိလာစေရန်မျှော်မှန်းထားရှိရမည် -

(က) ဝန်ကြီးဌာနများအကြား အပြည်ပြည်ဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ပစ္စည်းဝယ်ယူရေးဥပဒေပြဋ္ဌာန်းရန်၊

(ခ) Internal Audit Charter (IA Charter) နှင့် Internal Audit Manual (IA Manual) ကို ပြင်ဆင်ခြင်းအပါအဝင် ဌာနတွင်းစာရင်းစစ်နှင့် အကောင်အထည်ဖော်ဆောင်ခြင်း ခိုင်မာ အားကောင်းလာစေရန်၊

(ဂ) စာရင်းသွင်းခြင်းနှင့် အစီရင်ခံခြင်းပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ရန် (ဥပမာ-စာရင်းရေးသွင်းရာတွင် တစ်ဖက်သွင်းစနစ်မှ နှစ်ဖက်သွင်းစနစ်သို့ ပြောင်းလဲခြင်း ဖြစ်ပါသည်)

(ဃ) ငွေကြေးနှင့် ကြွေးမြီစီမံခန့်ခွဲမှုလုပ်ငန်းများကို ငွေတိုက်ဦးစီးဌာနက တာဝန်ခံ၍ စနစ် တကျ ကိုင်တွယ်ဆောင်ရွက်နိုင်စေရန်၊

(င) မက်ခရိုစီးပွားရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် ဘတ်ဂျက်ရေးဆွဲမှုစနစ်အား နိုင်ငံတကာ စံချိန်စံနှုန်းနှင့်အညီ နှစ်အလိုက် တိုးတက် ဆောင်ရွက်သွားရန်၊

(စ) ဘတ်ဂျက်အကောင်အထည်ဖော်နိုင်မှုအား အကဲဖြတ်ခြင်းနှင့် စိစစ်မှုနှင့်စာရင်းများ ပေါင်းချုပ်ခြင်းတို့ကို ရိုးရှင်းလွယ်ကူ မြန်ဆန်သောနည်းလမ်းဖြင့် ခေတ်မီနည်းပညာ အသုံးပြုဆောင်ရွက်သွားရန်၊

(ဆ) နှစ်စဉ်စီမံကိန်းနှင့် လိုက်လျောညီထွေဖြစ်သော ဘတ်ဂျက်ဖြစ်စေရန်နှင့် အစိုးရ၏ မူဝါဒ များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် ဘတ်ဂျက်ဖြစ်စေရန်၊ ရငွေရည်မှန်း ချက်၊ အသုံးစရိတ်ကန့်သတ်ချက်များ လိုအပ်သလို ချမှတ်ပေးသည့်စနစ်ကို နှစ်အလိုက် တိုးတက်ကျင့်သုံးသွားရန်၊

(ဇ) ဘဏ္ဍာရေးစည်းမျဉ်းများ၊ ပစ္စည်းဝယ်ယူရေးစည်းမျဉ်းများကို ခေတ်ကာလအခြေအနေ နှင့် လိုက်လျောညီထွေစွာ ထုတ်ပြန်နိုင်ရန်နှင့် ဌာနအဖွဲ့အစည်းအားလုံး တစ်ပြေးညီ လိုက်နာစေရန်၊

(ဈ) ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံသည့်စနစ်ကို တဖြည်းဖြည်း လျှော့နည်းပပျောက်သွားရေး ဆောင်ရွက်ရန်၊

(ည) အခွန်အကောက်ရငွေ၏ ရင်းမြစ်များကို တိုးတက်စေရန် အခွန်ဥပဒေများကိုရှင်းလင်း လွယ်ကူစွာနားလည်နိုင်စေရန်နှင့် Tax to GDP အချိုးကို ၁၀ % အထိ တိုးမြင့်လာစေရန်၊

(ဋ) အကောက်ခွန် လုပ်ထုံးလုပ်နည်းများ ခေတ်မီဖွံ့ဖြိုး တိုးတက်စေရန် နိုင်ငံတကာ အကောက်ခွန်လုပ်ငန်းများနှင့် ရင်ဘောင်တန်း ဆောင်ရွက်နိုင်ရန်တို့အတွက် ထုတ်ပြန်ထားသည့် အကောက်ခွန်ဥပဒေ၊ နည်းဥပဒေများကို ပြန်လည်ပြင်ဆင်သုံးသပ်ရန်။

(ဌ) စီမံကိန်းစောင့်ကြည့်စစ်ဆေးခြင်းအတွက် သတင်းအချက်အလက်နည်းပညာများ အသုံးပြုခြင်းအား တွန်းအားပေးဆောင်ရွက်ရန်၊

**ပြုပြင်ပြောင်းလဲရေး တတိယအဆင့်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ**

၁၉။ **တတိယအဆင့် (၈ နှစ်မှ ၁၂ နှစ်အထိ)**။ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ကွင်းဆက်မပြတ် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ဤအဆင့်သည် ဒုတိယအဆင့်ပြီးနောက် (၅) နှစ် ဆက်လက် ဆောင်ရွက်ရန်ဖြစ်ပါသည်။ အစိုးရ၏ဘဏ္ဍာရေး အသုံးစရိတ်အားလုံး၏ အရည်အသွေးကို တိုးတက်မြင့်မားစေရန် ပြုလုပ်ရမည်ဖြစ်သည်။ ဤအဆင့်တွင်အောက်ပါလုပ်ငန်းစဉ်များပါဝင်ရမည် -

(က) အစီအစဉ်သရုပ်ခွဲဆန်းစစ်မှုများ ပါဝင်သော နှစ်လတ်ဘတ်ဂျက်ရေးဆွဲမှု ဖော်ဆောင်ခြင်း၊

(ခ) စီမံကိန်းနှင့်ဘတ်ဂျက် ရေးဆွဲခြင်းလုပ်ငန်းစဉ်များ အပြည့်အဝပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်းစနစ် မဟာဗျူဟာချမှတ်ရေး ဆောင်ရွက်ခြင်း။

(ဂ) အသုံးစရိတ်သုံးစွဲမှုများ သတ်မှတ်ချက်ဘောင်အတွင်း အနီးစပ်ဆုံးသုံးစွဲရေး ဆောင်ရွက်ခြင်း။

(ဃ) သုံးစွဲထားသောအသုံးစရိတ်များနှင့် လျော်ညီသည့်အကောင်အထည်ဖော်နိုင်မှု ရှိ/ မရှိ သုံးသပ်ခြင်းကို ပီပြင်အောင်ဆောင်ရွက်ခြင်း၊

(င) စာရင်းစစ်ချုပ်ရုံးအစီအစဉ်ဖြင့် စာရင်းစစ်ဆေးမှု အရည်အသွေး စွမ်းရည်ပြည့်ဝမှုနှင့် ထိရောက်မှုများအား ကျယ်ပြန့်စွာမြှင့်တင်ခြင်း၊

(စ) ဌာနတွင်းစာရင်းစစ်များ၏ အခန်းကဏ္ဍကို ပီပြင်ထိရောက်စွာ ကျင့်သုံးခြင်း၊

(ဆ) နိုင်ငံတကာ စာရင်းကိုင်စာရင်းစစ် စံနှုန်းများကို ကျယ်ပြန့်စွာ လိုက်နာကျင့်သုံးရေး ဆောင်ရွက်ခြင်း၊

(ဇ) လွှတ်တော်နှင့် အစိုးရကြား ဘတ်ဂျက်ပိုင်းဆိုင်ရာ ဆက်နွယ်ဆောင်ရွက်မှုများ၊ သုံးသပ်ဆွေးနွေးမှုများကို ပိုမိုထိရောက်စေရေး ဆောင်ရွက်ခြင်း၊

(ဈ) VAT တရားဥပဒေဖြင့် လုပ်ငန်းများစတင်ရန်၊ အချက်အလက်ဆန်းစစ်မှု စွမ်းဆောင်ရည်တိုးတက်လာစေရန်၊ တစ်ဦးချင်း ကြွယ်ဝချမ်းသာသူများအနေဖြင့် အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်တွင် ပူးပေါင်းပါဝင်စေရန်၊ အလယ်အလတ်အခွန်ထမ်းရုံးများကို ပြုပြင်ပြောင်းလဲမှုများအား ချဲ့ထွင်ရန်၊ IT စနစ်နှင့်စပ်လျဥ်း၍ နောင်လာမည့် ၅ နှစ်အတွင်း ပြုပြင်ပြောင်းလဲမှု အစီအစဉ်များကို ပြန်လည်သုံးသပ်ရန်၊

(ည) ငွေတိုက်ဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဘတ်ဂျက်၊ ဘဏ္ဍာရေးဆိုင်ရာ စာရင်းရေးသွင်းခြင်းနှင့် ငွေပေးချေမှုဖြစ်စဉ်တို့အပေါ် အဓိကထားသည့် ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ သတ်မှတ်ချက်များဖွံ့ဖြိုးရန်၊

(ဋ) စီမံကိန်းများနှင့် ဘတ်ဂျက်အကောင်အထည်ဖော် ဆောင်ရွက်မှုတို့ကို စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ သတင်းအချက်အလက်နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် စီမံကိန်းဆိုင်ရာ Database ကိုတည်ဆောက်ရန်။

## ရေရှည်မျှော်မှန်းချက်

၂၀။ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး၏ ရေရှည်မျှော်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မြန်မာနိုင်ငံ၏ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်သည် ပထမအဆင့်တွင် အရှေ့တောင်အာရှနိုင်ငံများအဆင့်နှင့် တန်းတူရှိစေပြီး ရေရှည်တွင် နိုင်ငံတကာစံနှုန်း OECD ၏ စံနှုန်းများနှင့် ညီညွတ်သော အဆင့်သို့ရရှိစေရန်၊

(ခ) ဘဏ္ဍာရေးရေရှည်တည်တံ့မှုရှိစေရန် အစိုးရကဆောင်ရွက်နိုင်မည့် ဘတ်ဂျက်အမြင့်ဆုံး ပမာဏကို ဖော်ထုတ်သတ်မှတ်နိုင်ရန်၊

(ဂ) ကမ္ဘာ့ဘဏ်၏ Public Expenditure and Financial Accountability Framework တွင် ပါဝင်သည့် score များ၏ % သည် A (သို့မဟုတ်) B အဆင့်ရောက်ရှိစေရန် (ယခု D အဆင့်သာရှိပါသည်။)

(ဃ) ရငွေနှင့် အသုံးစရိတ် စည်းမျဉ်းစည်းကမ်းများဖြင့် လိုက်နာရန် အားနည်းနေခြင်းများကို အကြိမ်အရေအတွက်သာမက နယ်ပယ်အရေအတွက်များပါ လျှော့ချသွားရန်၊

(င) စီမံကိန်းနှင့်ဘတ်ဂျက် လိုက်လျောညီထွေဖြစ်စေရန်၊

(စ) အစိုးရ၏ရငွေစုစည်းမှုသည် သဘာဝသယံဇာတအရင်းအမြစ်များကိုသာ အားမပြုစေဘဲ အခွန်အကောက်ရငွေအပေါ် အဓိကအားပြုစေရန်နှင့် အသုံးစရိတ်သုံးစွဲမှုကို အကောင်း ဆုံးခွဲဝေအသုံးချနိုင်မှု ဖြစ်ပေါ်စေရန်၊

(ဆ) သတ်မှတ်အကျိုးခံစားခွင့်ပေးသည့်စနစ် (Defined Benefit) မှ သတ်မှတ်ထည့်ဝင် ကြေး ထည့်ဝင်သည့်စနစ် (Defined Contribution) ကျင့်သုံးနိုင်မည့် ပင်စင်စနစ်သစ် ထူထောင်ရန်၊

(ဇ) ထိရောက်သောပြည်သူ့ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲမှုဖြစ်စေရန်၊

**ပြုပြင်ပြောင်းလဲရေးကိုဦးဆောင်မှုပြုရန်၊ လုပ်ငန်းအစီအစဉ်များ ပေါင်းစပ်ညှိနှိုင်းရန်နှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်**

၂၁။ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကို ဦးစီးဆောင်ရွက်ရန် ဦးဆောင် ကော်မတီကို ဒုတိယဝန်ကြီးအဆင့်ဖြင့် ဦးစီးဖွဲ့စည်း၍ လုပ်ငန်းကော်မတီကို ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပါသည်။ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် စီမံခန့်ခွဲမှုအတွက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် ဇေ့စပ်ညှိနှိုင်းသူတစ်ဦး (Program Coordinator)၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းများနှင့် ပစ္စည်းဝယ်ယူမှု ဆိုင်ရာ ဝန်ထမ်းများဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းအကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှလည်း ကော်မတီများ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ပစ္စည်းဝယ်ယူမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ အသီးသီးတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယင်းကော်မတီများသည် အောက်ပါတို့ကို စီမံဆောင်ရွက်လျက်ရှိပါသည် -

(က) လုပ်ငန်းခွင်စွမ်းဆောင်ရည်များမြှင့်တင်ခြင်း

(ခ) လူအင်အားစုဆောင်းမှုမူဝါဒ

(ဂ) အတွေ့အကြုံရှိသူများအားဆက်လက်ထားရှိမှုမူဝါဒ

(ဃ) အလှည့်ကျတာဝန်ထမ်းဆောင်စေမှုမူဝါဒ

(င) အရည်အချင်းပြည့်ဝသူများအားရွေးချယ်တာဝန်ပေးအပ်မှုမူဝါဒ

(စ) ပြည်ပကျွမ်းကျင်သူများခန့်အပ်အသုံးပြုခြင်းမူဝါဒ

(ဆ) ပြုပြင်ပြောင်းလဲရေးတွင် အဓိကနေရာများမှ တာဝန်ထမ်းဆောင်မည့်သူများ သတ်မှတ် ၍ ၎င်းတို့ကိုလေ့ကျင့်ပေးရေးမူဝါဒ

(ဇ) ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်းတည်ထောင်ရေး

(ဈ) အခြားနိုင်ငံမှအလားတူ ကျောင်းမျိုးနှင့်ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း

(ည) ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုသင်တန်းများသို့ သင်တန်းသားများစေလွှတ်ခြင်း

(ဋ) သတင်းအချက်အလက်နည်းပညာအသုံးပြုရေး

(ဌ) အပြုသဘောပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ အဖျက်အမှောက်များ၊ အနှောက်အယှက်အဟန့်အတားများ ကျော်လွှားနိုင်ရေးနှင့် နည်းပါးအောင်လျှော့ချရေး

(ဍ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအတွင်း ဖွဲ့စည်းမှုပုံစံများ လိုက်လျောညီထွေပြုပြင်ပြောင်းလဲရေး

(ဎ) ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့်စွန့်စားရမှုများ၊ စိန်ခေါ်မှုများနှင့် ပတ်သက်၍ သက်ရောက်မှုအနည်းဆုံးဖြစ်စေရန်ဆောင်ရွက်ရေး

**ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့်စွန့်စားရမှုများ၊ စိန်ခေါ်မှုများနှင့်ပတ်သက်၍ သက်ရောက်မှုအနည်းဆုံး ဖြစ်စေရန်ဆောင်ရွက်ရေး**

၂၂။ မြန်မာနိုင်ငံသည် နှစ်ကာလကြာမြင့်စွာပြည်ထောင်စု၏ တစ်ခုတည်းသော ဘတ်ဂျက်ကိုနှစ်စဉ်ရေးဆွဲဆောင်ရွက်ခဲ့ရာမှ ၂၀၁၁-၁၂ ခုနှစ်မှစ၍ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ် ဘတ်ဂျက်များကို ခွဲခြားရေးဆွဲခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များလည်း ပေါ်ထွန်းလာခဲ့ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကို ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရမည်ဖြစ်ရာ နှစ်ပေါင်းများစွာ ကျင့်သုံးလာခဲ့သည့်ပုံစံကို ပြောင်းလဲရမည်ဖြစ်၍ စွန့်စားရမှုများ၊ စိန်ခေါ်မှုများ၊ နယ်ပယ်အသီးသီးတွင် အကျိုးသက်ရောက်မှုများ ရှိလာနိုင်မည်ဖြစ်ပါသည်။ ကြုံတွေ့လာနိုင်မည့် စွန့်စားရမှုများနှင့် စိန်ခေါ်မှုများ၊ အနှောက်အယှက်အဟန့်အတားများအား ကြိုတင်မျှော်တွေး၍ အောင်မြင်စွာကျော်လွှားနိုင်ရန်နှင့် အနည်းဆုံးဖြစ်စေရန် စီမံဆောင်ရွက်ရမည်ဖြစ်သည်။ ဖွဲ့စည်းပုံကို ဆက်လက်တိုးမြှင့်ဖော်ဆောင်ခြင်းအားဖြင့် လိုက်လျောညီထွေမှုရှိသော ပြည်သူ့ဘဏ္ဍာရေးစနစ် ဆက်လက်တည်ရှိစေရန်အရေးကြီးပါသည်။

၂၃။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးစာရင်းနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်သို့ ဥပဒေကြမ်းတင်သွင်း၍ ဆောင်ရွက်ရမည်ဖြစ်ရာ ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းကို ဆွေးနွေးသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၃ (ခ) ပါ အသုံးစရိတ်များမှအပ အခြားအသုံးစရိတ်များအတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်နိုင်ပါသည်။

၂၄။ ဤတွင်အစိုးရ၏ မူဝါဒရည်မှန်းချက်များကို ထိခိုက်စေမှုဖြစ်ပေါ်ခြင်း ရှိ/ မရှိ ဆန်းစစ်ရန်လိုအပ်ပါသည်။ ထို့အတူ ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီစသည့် ဘတ်ဂျက်တွင် ပါဝင်သည့်အဖွဲ့အစည်းများသည် မိမိတို့လျာထားသည့်ရငွေများနှင့် အသုံးစရိတ်များကို လွှတ်တော်တွင်ရှင်းလင်းတင်ပြရခြင်း၊ စီမံကိန်းများကိုရှင်းလင်းတင်ပြရခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကိုရှင်းလင်းဖြေကြားရခြင်း၊ လွှတ်တော်ကော်မတီများနှင့် အကြိမ်ကြိမ်ဆွေးနွေးရခြင်း၊ အချို့သောစီမံကိန်းများ၊ အသုံးစရိတ်များကို လျှော့ချခံရခြင်းတို့ကို ကြုံတွေ့ရမည်ဖြစ်ပါသည်။ ဤအချက်များအရအစိုးရနှင့် လွှတ်တော်ကြား ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာများနှင့် ပတ်သက်၍ နားလည်မှုနှင့်အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတို့ ရရှိရန် အရေးကြီးပါသည်။

၂၅။ ဘတ်ဂျက်လိုငွေပေါ်ပေါက်မှုနှင့် ပတ်သက်၍ ယခင်ကပင် နှစ်အဆက်ဆက် လိုငွေပေါ်ပေါက်လျက်ရှိခဲ့သဖြင့် လိုငွေကိုဖြည့်ဆည်းရသည့် ပြည်တွင်းကြွေးမြီ၊ ပြည်ပကြွေးမြီတို့မှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာနိုင်ပါသည်။ အစိုးရတွင် ကြွေးမြီစီမံခန့်ခွဲမှုစနစ်ကောင်းတစ်ရပ်ရှိရန်လိုအပ်ပါသည်။

၂၆။ ရငွေဖွဲ့စည်းမှုပုံစံပြင်ဆင်ရာတွင် အဓိကကျသော အခွန်အကောက်ရငွေ တိုးမြှင့်ရရှိရေးသည် အားလုံးပူးပေါင်းပါဝင်၍ ကျယ်ပြန့်စွာ ဆောင်ရွက်ရမည့်ကိစ္စဖြစ်၍ လွှတ်တော်များ၊ အစိုးရများ၊ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကဏ္ဍအားလုံးတို့မှ ပါဝင်ဆောင်ရွက်ရန်လိုအပ်ပါသည်။ အခွန်ကောက်ခံမှုဆိုင်ရာအားနည်းချက်များကို ဖော်ထုတ်၍ အခွန်အခြေခံတိုးချဲ့မှု၊ ပြည်သူများ၏ အခွန်ထမ်းဆောင်လိုသည့် စိတ်ဓါတ်၊ အခွန်ဝန်ထမ်းများ၏ အရည်အသွေးနှင့်စိတ်ဓါတ်မြင့်မားမှု၊ လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းမှုနှင့် တည်ဆဲဥပဒေများအား ပြင်ဆင်မှုစသည်တို့ကို ဆောင်ရွက်ရမည်ဖြစ်သဖြင့် မဟာဗျူဟာချမှတ်၍ အချိန်သတ်မှတ်ချက်များဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကောင်းမွန်သော အုပ်ချုပ်ရေးသည် ထိရောက်ကောင်းမွန်သော အကောက်ခွန်စီမံကွပ်ကဲမှုများ တိုးမြှင့်ဖော်ဆောင်ခြင်းအတွက် အဓိကသော့ချက်ဖြစ်ပါသည်။

၂၇။ အသုံးစရိတ်များကို ထိရောက်စွာနှင့် အကျိုးရှိစွာခွဲဝေသုံးစွဲရေးနှင့်ပတ်သက်၍ အစိုးရ၏မူဝါဒ၊ နှစ်တိုနှစ်ရှည်စီမံကိန်းများ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် တိုးမြှင့်သုံးစွဲရေးစသည့် အချက်များပေါ်မူတည်၍ ဆောင်ရွက်ရမည်ဖြစ်ရာ အောက်မှအထက်သို့လျာထားတင်ပြခြင်း၊ အထက်မှအောက်သို့ လျာထားချက်ဘောင်များ သတ်မှတ်ပေးခြင်း စသည့်စနစ်များကို အသုံးပြုရမည်ဖြစ်သဖြင့် သက်ဆိုင်ရာဦးစီးဌာန/အဖွဲ့အစည်းများ၏အရည်အသွေးများကိုမြှင့်တင်ရန်လည်းလိုအပ်ပါသည်။

၂၈။ ပြည်ထောင်စုအစိုးရနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများအကြား ဘဏ္ဍာငွေခွဲဝေကျင့်သုံးသည့်ပုံစံကို တိုးတက်အောင်ပြုလုပ်ရေးသည်လည်း အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်ပြီး သတိကြီးစွာထား၍ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါသည်။ နိုင်ငံရေး၊ လူမှုရေးအကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဝင်ငွေကိုမျှတစွာခွဲဝေခြင်း၊ အသုံးစရိတ်များကို ဆီလျော်ညီညွတ်အောင် ဖြန့်ဝေသုံးစွဲခြင်းတို့ကို မျက်ခြည်မပြတ် ပေါင်းစပ်ညှိနှိုင်း ကြီးကြပ်ကွပ်ကဲခြင်းတို့ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၂၉။ ဘတ်ဂျက်တွင်ပါဝင်သည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကိုသုံးသပ်၍ ဘတ်ဂျက်၏ပြင်ပမှ သီးခြားလွတ်လပ်စွာ ဆောင်ရွက်စေသည့်ပုံစံကို တဖြည်းဖြည်းပြောင်းလဲ ကျင့်သုံးရမည်ဖြစ်သဖြင့် ဤတွင်လည်း နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ပတ်သက်၍အစိုးရ၏ မူဝါဒ၊ ရာနှုန်းပြည့်နိုင်ငံပိုင်ထားရှိရန်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရန်၊ အများပိုင်ပြုလုပ်ရန်၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကဖက်စပ်ပြုလုပ်ရန်စသည်တို့ကို စီမံဆောင်ရွက်ရန်လိုအပ်ပါသည်။

၃၀။ ဘတ်ဂျက်အကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာခြင်း၊ ကြီးကြပ်ကွပ်ကဲ၍ သုံးသပ်လမ်းညွှန်ခြင်း၊ အချိန်နှင့်တစ်ပြေးညီ ဘဏ္ဍာရေးကိန်းဂဏန်းအချက်အလက်များ ရရှိခြင်း၊ ငွေကြေးစီမံခန့်ခွဲမှုနှင့်ချေးငွေ စီမံခန့်ခွဲမှုများကို ဌာနတစ်ခုကတာဝန်ယူဆောင်ရွက်ခြင်းတို့အတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖွံ့ဖြိုးမှုပုံစံပြောင်းလဲရေးတို့ကို ဟန်ချက်ညီ ဆောင်ရွက်သွားရန်လိုအပ်ပါသည်။ ထို့ကြောင့် PFM အကယ်ဒမီသင်တန်းကျောင်းကို ထူထောင်နိုင်ရန်အရေးကြီးပါသည်။

၃၁။ ဘဏ္ဍာရေးမူဝါဒချမှတ်ရာတွင် အထောက်အကူပြုနိုင်ရန် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနအောက်တွင် ဘဏ္ဍာရေးမူဝါဒ၊ မဟာဗျူဟာနှင့် သဘာဝသယံဇာတအရင်းအမြစ်များ ထုတ်ယူသုံးစွဲမှုလုပ်ငန်းပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးဌာနခွဲကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ထိုကဲ့သို့ ဘဏ္ဍာရေးမူဝါဒဌာနဖွဲ့စည်းရေးသည်လည်း အရေးပါသောလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်၏ မက်ခရိုစီးပွားရေး တည်ငြိမ်မှုနှင့်ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူဖြစ်စေသော ဘဏ္ဍာရေးမူဝါဒချမှတ်နိုင်ရန် အဆိုပါဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဌာနအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် နိုင်ငံတကာအဖွဲ့အစည်းများစသည်တို့နှင့် ကျယ်ပြန့်စွာ သတင်းအချက်အလက်ရရှိနိုင်မည့် ဆက်သွယ်မှုကွန်ယက်များ ရှိနေရန်လိုအပ်ပါသည်။

၃၂။ နိုင်ငံတော်၏ လက်ရှိဘတ်ဂျက်ရေးဆွဲသည့်ပုံစံသည် ပြည်ပကြွေးမြီနှင့် ပြည်ပထောက်ပံ့ငွေများကိုပါ ဘတ်ဂျက်တွင်ထည့်သွင်းရေးဆွဲပြီး ပိုငွေလိုငွေကို တွက်ချက်သည့်ပုံစံဖြစ်ပါသည်။ စင်စစ်အားဖြင့် ပြည်တွင်းပြည်ပချေးငွေများနှင့် ပြည်ပထောက်ပံ့ငွေရရှိမှုများမပါဝင်ဘဲ ပိုငွေလိုငွေကိုဦးစွာ တွက်ချက်ပြီးမှ လိုငွေဖြည့်ဆည်းရန် ပြည်တွင်းမှ မည်မျှချေးယူမည်၊ ပြည်ပမှမည်မျှချေးယူမည်ဆိုသည်ကို သတ်မှတ်သင့်ပါသည်။ ယင်းကဲ့သို့အစဉ်အလာ ကျင့်သုံးမှုတစ်ရပ်ကို ပြင်ဆင်ရာတွင်လည်း အဖက်ဖက်မှစဉ်းစား၍ လမ်းကြောင်းအမှန်အတိုင်းရေးဆွဲနိုင်ရန် ကြိုးပမ်းပြောင်းလဲရမည်ဖြစ်ပါသည်။

၃၃။ ဘတ်ဂျက်ရေးဆွဲရာတွင် နိုင်ငံခြားငွေရရှိသုံးစွဲမှုများအတွက် နိုင်ငံခြားငွေနှင့်ညီမျှသော မြန်မာကျပ်ငွေကို ဘတ်ဂျက်တွင်လျာထားခြင်းဖြစ်သော်လည်း သုံးစွဲရာတွင် ပြည်တွင်း၌ နိုင်ငံခြားသုံးငွေဈေးကွက်ဖွံ့ဖြိုးခြင်းမရှိသေး၍ နိုင်ငံတော်အစိုးရထံမှ နိုင်ငံခြားသုံးငွေကို တောင်းခံသုံးစွဲရသည့်ပုံစံဖြစ်ပါသည်။ ဤပုံစံကိုသုံးသပ်၍ နိုင်ငံတော်အနေဖြင့် နိုင်ငံခြားသုံးငွေ ခွင့်မပြုတော့ဘဲ လိုအပ်သည့် နိုင်ငံခြားသုံးငွေကို နိုင်ငံခြားသုံးငွေဈေးကွက်မှ ရှာဖွေသည့်ပုံစံသို့ ပြင်ဆင်ရမည်ဖြစ်ပါ၍ ပြည်တွင်းတွင် နိုင်ငံခြားသုံးငွေဈေးကွက် ဖွံ့ဖြိုးရန်လိုအပ်ပါသည်။

**နိဂုံး**

၃၄။ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာသည် နိုင်ငံတော်၏ အမျိုးသားစီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုမူဘောင်၊ ပထမအဆင့်အောင်မြင်မှုများ ( ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ် မတ်လအထိ) နှင့် နိုင်ငံတော်အစိုးရ၏ လက်ရှိဦးစားပေး ဆောင်ရွက်သည့် စီးပွားရေးမူဝါဒများအပေါ် အခြေခံရေးဆွဲထားရှိခြင်းဖြစ်ပါသည်။ ဤမဟာဗျူဟာချမှတ်နိုင်ရေးအတွက် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့မှု အတွေ့အကြုံများနှင့် ကမ္ဘာ့ဘဏ်မစ်ရှင်နှင့်ပြည်တွင်းမှ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးတွဲပြုစုထားသည့် မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးအပေါ် သုံးသပ်တင်ပြချက်အစီရင်ခံစာ (Public Financial Management Reform Report) တို့ကို အခြေခံရေးဆွဲခဲ့ပါသည်။ လက်ရှိစနစ်တွင် အားသာချက်များရှိသကဲ့သို့ အားနည်းချက်များစွာလည်းရှိနေပါသည်။ အားသာချက်များကို ဆက်လက်ထိန်းသိမ်း၍ ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး အားနည်းချက်များကို မည်သို့ပြုပြင်မည်၊ မည်သည်ကိုဦးစားပေးပြုပြင်မည်၊ မည်သည့်အဆင့်ထိ ရောက်အောင်ပြုပြင်မည်၊ ပြုပြင်မှုကြောင့်ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများကို မည်သို့ကာကွယ်မည်ဆိုသည်တို့ကို ဤမဟာဗျူဟာတွင်ဖော်ပြထားပါသည်။ သို့ဖြစ်၍ ဤမဟာဗျူဟာကို အခြေခံ၍ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအား အဆင့်အလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

နောက်ဆက်တွဲ (က)

| | **The PFM reform Program second stage (2018-2022) Implementation Plan** | | | | | | |
|---|---|---|---|---|---|---|---|
| Sr. No | | Responsive Agencies | 2018 | 2019 | 2020 | 2021 | 2022 |
| 1. | To supervise all departments and organizations, and ensure that abide financial regulations and procurement guideline consistently; | Budget Department and Treasury Department | | | | | |
| 2. | To establish the national procurement law in line with international standard and consistent among different ministries | Treasury Department | | | | | |
| 3. | To strengthen the internal auditing and implementation including preparation of Internal Audit Charter (IA Charter) and Internal Audit Manual (IA Manual) | | | | | | |
| 4. | To develop simplified technologies in collecting and compiling financial information and reporting as well as develop financial reporting rules | | | | | | |
| 5 | Promoting the Government Bond Market | | | | | | |
| 6 | To promoting and harmonizing cash management and debt management | | | | | | |
| 7 | To be able to deal with cash management and debt management systematically with accountability of Treasury Department; | | | | | | |
| 8 | To develop the PFM Curriculum and preparation for readiness of training implementation as well as start some trainings | Budget Department | | | | | |
| 9 | To establish PFM Training Center building | | | | | | |

| | | |
|---|---|---|
| 10 | To develop budgetary analysis and reporting process | |
| 11 | To develop SEEs performance monitoring framework and make practice in SEEs | |
| 12 | To develop recurrent and capital electronic budget forms and start practicing but keep hard copies as well | |
| 13 | To develop assessment framework for effective utilization and resources allocation pattern between Union and State and Region | |
| 14 | To develop Public Finance Management Act | Budget Department |
| 15 | To strengthen budget classification by using GFS standards | |
| 16 | To analyze and update MTFF framework for effective and efficient use of resources allocation | |
| 17 | To make an effort to reduce and eradicate supplementary budget request system gradually | |
| 18 | To make progress of budget preparation system in compliance with international standards year by year to support macroeconomic stability and development; | |
| 19 | To develop simple budget monitoring and evaluation framework to ministries and department along with budget planning and management guidelines | BudgetDept, PlanningDept, TreasuryDept, PAPRD |
| 20 | To maximize tax revenue through the adoption of revenue mobilization initiatives and increase the ratio of tax to GDP over time | Internal Revenue |

| | | |
|---|---|---|
| 21 | To use a modern system of setting revenue targets which complies with Government planning processes | Department |
| 22 | To establish a Unit in Headquarters to proactively manage corruption | |
| 23 | Develop and implement a comprehensive anti - corruption policy and procedures | |
| 24 | Establish Corporate Communications function in headquarters | |
| 25 | Enhance Management and Leadership Capacity through training and coaching | |
| 26 | Develop HR policies which support ongoing reform | |
| 27 | Develop and implement a revenue forecasting capability | |
| 28 | Develop clear and easily understood taxation laws. This includes existing laws when amended | |
| 29 | Develop a Tax Administration Procedures Law (TAPL) and submit to Parliament | |
| 30 | Rewrite the income Tax Administration Procedures, laws and submit to Parliament | |
| 31 | Develop policy for introduction of a VAT system | |
| 32 | Improve awareness and education material for taxpayers to make it easy for them to comply with the tax laws | |

| | | |
|---|---|---|
| 33 | To modernize and strengthen taxpayer registration processes | |
| 34 | To modernize and strengthen taxpayer assessment processes | |
| 35 | Centralized Taxpayer Services implemented for LTO and MTO-1 | |
| 36 | Centralized data processing established for all offices under reform | |
| 37 | Centralized call management established for all offices under reform | |
| 38 | Strengthen taxpayer identification system | |
| 39 | Build a modern risk based tax audit system including the application of Computer Assisted Audit Techniques | |
| 40 | Develop and implement a risks and intelligence unit in Headquarters | |
| 41 | E-filling and e-paying options available (contingents on ITAS development) | |
| 42 | Expansion of the reforms beyond LTO and MTO in Yangon e.g establish an MTO office in Mandalay and explore options for High net Wealth individuals | |
| 43 | Review reform management requirement for Phase iii | |
| 44 | Integrated Tax Administration System established and implementation for Offices under reform program; | |

| | | |
|---|---|---|
| 45 | Revised customs legislation, reduced customs, clearance time, administrative burden and cost of compliance with customs formalities; | Custom Department |
| 46 | To establish core Banking system which can be used by linking up with centralized server via online in Head Office of MEB to 86 branches (District Level) | MEB |
| 47 | To establish core Banking system which can be used by linking up with centralized server via online in Head Office of MEB to 239 branches (Township Level); | |
| 48 | To develop capital electronic budget form | Planning Department |
| 49 | Improving ICT Environment; | |
| 50 | To issue Guideline for Project Appraisal and Monitoring and Project Appraisal Methodologies; | PAPRD |
| 51 | To improve the capacity of the legislative (Hluttaw) in scrutinizing the budget bill, national planning bill, taxation bill, report on national plan implementation, report on the Union Budget, tax revenue statistics, annual report on government debt, annual report of the Union Auditor General, Reports of the Central Bank of Myanmar on implementation of monetary policy and the attempts for monetary stability; | JPAC |
| 52 | To improving timeliness of submission of audit reports to legislature | OAG |

| | | |
|---|---|---|
| 53 | To perform the auditing in accordance with International Standards of Supreme Audit Institutions (ISSAI), enhancing capacity of the staff | |
| 54 | To develop IT Audit by using Computer Assisted Audit Technique; | |
| 55 | To use advanced technology and simplified methods in evaluating the presentation of budget and consolidating of accounts; | Treasury Dept.& Budget Dept. |
| 56 | Encourage the utilization of Information Technology (IT) for project monitoring; | MOPF |